# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

## ဒသမနေ့ အစီအစဉ်

## [ ၂-၁၂-၂၀၁၆ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးဘိုဘိုဦး၊ စမ်းချောင်း မဲဆန္ဒနယ်၏ **ယခင်နိုင်ငံတော် သမ္မတ၏ ပညာတော်သင်ဆု ရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဆက်လက်ပံ့ပိုးကူညီမှုများရှိ၊ မရှိနှင့် ယခုနိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရ ကျောင်းသား၊ ကျောင်းသူများကို မည်သည့် အချိန်တွင် ပညာတော်သင်စေလွှတ်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဒေါ်ခင်ညို၊ ဒေးဒရဲ မဲဆန္ဒနယ်၏ **စာသင်ကျောင်းများတွင် အားကစားကွင်းများ ကိုယ်စီဖန်တီးပေးနိုင်ခြင်းရှိ၊ မရှိ၊ အားကစားချိန်တွင် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများနှင့် အားကစားနည်း**

**တစ်မျိုးမျိုးကို သင်ကြားပေးရန်နှင့် ယခင်က ကဲ့သို့ ကျောင်းတွင်း အားကစားပွဲများ၊ ကျောင်းသား အားကစား ပွဲတော်များ၊ တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲများ ကျင်းပပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၏ **ဝန်ကြီးဌာနအလိုက်ဖြစ်စေ၊ ဦးစီးဌာနအလိုက်ဖြစ်စေ၊ နယ်မြေဒေသအလိုက်ဖြစ်စေ လမ်း၊ တံတားနှင့် လုပ်ငန်းအမျိုးမျိုး၌ စံသတ်မှတ်ချက်အမျိုးမျိုးကို တွေ့ရှိရပါသဖြင့် စံချိန်စံညွှန်း သတ်မှတ်ချက်များ ထားရှိခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခင်အေး၊ နတ်တလင်း မဲဆန္ဒနယ်၏ **နတ်တလင်းမြို့နယ်၊ ကြိုးကြာကန်ကျေးရွာ၊ အ.ထ.က(ခွဲ)ရှိ အန္တရာယ်ရှိ နှစ်ထပ်ကျောင်းဆောင်အား ပယ်ဖျက်၍ (၁၀၀ x ၃၀) ပေ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **အခြေခံပညာကျောင်းများ တည်ဆောက်ရေးအတွက် ဒေသအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေပေါ်မူတည်၍ ဒေသဈေးနှုန်းများအပေါ် အခြေအနေမှန်ဖြင့် တွက်ချက်တင်ပြသည့် အဆောက်အဦတန်ဖိုးကို အခြေခံ၍ လေလံစနစ်ဖြင့် တည်ဆောက်ခြင်း၊ ဆရာ၊ ဆရာမများ နားနေခန်းပါ အဆောက်အဦ ဒီဇိုင်းပုံစံပြောင်းလဲပေးရန်နှင့် သင်ထောက်ကူ စာသင်ခုံများ၊ သင်ပုန်းများအား ကျောင်းသူ၊ ကျောင်းသားဦးရေနှင့် အညီ ထောက်ပံ့ပေးရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဦးလှစော၊ မြောက်ဦး မဲဆန္ဒနယ်၏ **တက္ကသိုလ် တစ်ခုချင်းစီအတွက် ပင္ဒိုညာဉ်နှင့် တက္ကသိုလ်အားလုံးကို လွှမ်းခြုံသော ပင္ဒိုညာဉ်ရေးဆွဲရေးအတွက် အချိန်မှူဘောင်၊ တက္ကသိုလ် ကျောင်းသားသမဂ္ဂများအားလုံး မည်သည့်အချိန်တွင် တည်ထောင်ပြီးစီးမည်နှင့် သမိုင်းဝင်ကျောင်းသား သမဂ္ဂ အဆောက်အဦကို ပြန်လည်တည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါက်တာမောင်သင်း၊ မိတ္ထီလာ မဲဆန္ဒနယ်က တင်သွင်းသည့် **"ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း၊ နမ္မတူနှင့် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်တို့တွင် KIA, MNDAA နှင့် TNLA ပူးပေါင်းအဖွဲ့တို့မှ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်၊ မိုင်းထောင်မှု၊ ဖျက်ဆီးမှု၊ ဗုံးခွဲမှုများကြောင့် အပြစ်မဲ့ ပြည်သူများ သေကြေခြင်း၊ ဒဏ်ရာရခြင်းနှင့် အိုးအိမ်စွန့်ခွာ စစ်ပြေးဒုက္ခသည် ဘဝ ရောက်ခြင်းနှင့် နိုင်ငံ၏ အချုပ်အခြာတည်မြဲမှု၊ တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အား ထိခိုက်စေခြင်း တို့ကို လွှတ်တော်မှ စိုးရိမ်ကြောင်း"** အရေးကြီးအဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၊

(ခ) ဦးစောထွန်းမြအောင်၊ ဖာပွန် မဲဆန္ဒနယ်၊

(ဂ) ဦးပွဲဒူ၊ ဖရူဆို မဲဆန္ဒနယ်၊

(ဃ) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၊

(င) ဒေါက်တာဒေါ်သန်းငွေ၊ တောင်ကြီး မဲဆန္ဒနယ်၊

(စ) ဦးဦးလှစော၊ မြောက်ဦး မဲဆန္ဒနယ်၊

(ဆ) ဒုတိယဗိုလ်မှူးကြီး မျိုးခိုင်၊ တပ်မတော်သား ကိုယ်စားလှယ်၊

(ဇ) ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်၊

(ဈ) ဦးလမာနော်အောင်၊ အင်ဂျန်းယန် မဲဆန္ဒနယ်၊

(ည) ဦးတင်အေး၊ မက်မန်း မဲဆန္ဒနယ်၊

(ဋ) ဗိုလ်မှူးကြီး သန်းအောင်၊ တပ်မတော်သား ကိုယ်စားလှယ်၊

(ဌ) ဦးအင်ထုံးခါးနော်ဆမ်၊ မြစ်ကြီးနား မဲဆန္ဒနယ်၊

၇။ အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
# ဒသမနေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်
## (၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၉၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၃.၄၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့သို့မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ကျွန်တော် ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ်ဦးရေ ၃၉၈ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၀ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၁ ရက်၊

(၂) ဟသ်ာတမဲဆန္ဒနယ်မှ ဦးခင်မောင်ရီ ခွင့် ၁ ရက်၊

(၃) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊

(၄) အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး ခွင့် ၁၂ ရက်၊

(၅) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၈ ရက်၊

(၆) စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ခွင့် ၁ ရက်၊

(၇) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်၊

(၈) ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း ခွင့် ၁ ရက်၊

(၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်စန်းနိုင် ခွင့် ၁ ရက်နှင့်

(၁၀) နောင်ချိုမဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန် ခွင့် ၈ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၈ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၀ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၈ ဦး ရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင် ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၈ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၀ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၂၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ယခင် နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများကို ဆက်လက် ပံ့ပိုးကူညီမှုများရှိ/မရှိနှင့် ယခုနိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရကျောင်းသားကျောင်းသူများကို မည်သည့်အချိန်တွင် ပညာတော်သင်စေလွှတ်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘိုဘိုဦး(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦး ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် အခြေခံပညာအထက်တန်းအောင် ထူးချွန်ကျောင်းသားများအား နိုင်ငံတော်သမ္မတပညာသင်ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ယခင် သမ္မတလက်ထက်မှာ ပြုလုပ်ခဲ့ပါတယ်။ ထူးချွန်ကျောင်းသားများရွေးချယ်ခဲ့ရာ အထက်တန်းအောင်မြင်စဉ်က အမှတ်ပေါင်း ၅၀၀ ကျော်ရရှိရမှာဖြစ်ပြီး ဘွဲ့လွန်ကျောင်းသားအနည်းငယ်သာ ပါဝင်ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတက ပညာသင်ဆုရွေးချယ်ရေးကော်မတီမှ Ethics Exam၊ IELT အပါအဝင် ရေးဖြေနဲ့ လူတွေ့စစ်ဆေးခြင်းအဆင့်ဆင့်ကို ပြုလုပ်ခဲ့ပြီး ရွေးချယ်ခဲ့ရာ ၂၀၁၄ ခုနှစ်မှာ ထူးချွန်ကျောင်းသားအားလုံးပေါင်း ၅၀၀ ကျော်ကို ရွေးချယ်ခံခဲ့ရပါတယ်။ အဆိုပါရွေးချယ်ခံ ၅၀၀ ကျော်မှ ၂၀၁၅ ခုနှစ် စက်တင်ဘာလမှာ ကျောင်းသားကျောင်းသူ ဘွဲ့လွန်၊ ဘွဲ့ကြို စုစုပေါင်း ၁၁၇ ဦးအား ပညာသင်စေလွှတ်ခဲ့ပါတယ်။ ကျန်ကျောင်းသားကျောင်းသူများထဲမှ ကျောင်းသွားတက်ရောက်မယ့် တက္ကသိုလ်အသီးသီးမှ Offer Letter များ ခွင့်ပြုသည့်စာရရှိသူများကို ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနသို့ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစပြီး သွားရောက်သတင်းပို့ရန် အဆင့်မြင့်ပညာဦးစီးဌာနမှ အကြောင်းပြန်ကြားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတပညာသင်ဆု ရွေးချယ်ခံကျောင်းသားကျောင်းသူများအား နိုင်ငံတကာတက္ကသိုလ်အသီးသီးမှ ဝင်ခွင့်ပြုသည့်စာများကို ကြိုးစားရယူခဲ့ကြပြီး ၂၀၁၆ ခုနှစ်၊ ဧပြီလ

၁ ရက်နေ့နောက်ပိုင်းမှာ အဆင့်မြင့်ပညာဦးစီးဌာနကို သွားရောက်သတင်းပို့ခဲ့ကြပါတယ်။ အဆင့်မြင့်ပညာဦးစီးဌာနကို သတင်းပေးပို့ပြီး ၆ လကျော်၊ ၇ လကြာနေသော်လည်း အကြောင်းတစ်စုံတစ်ရာထူးခြားမှုမရှိဘဲ အကြောင်းပြန်ချက်ကင်းမဲ့နေခဲ့ကြောင်း ကျောင်းသားကျောင်းသူ အယောက် ၅၀ ကျော်မှ ကျွန်တော့်အား အသိပေးတင်ပြလာပါတယ်။ ဒီနေရာမှာ ကျွန်တော့်၏ မဲဆန္ဒနယ် စမ်းချောင်းမြို့နယ် သံတံတားရပ်ကွက်မှာနေတဲ့ မောင်ရှမ်းလင်းသန့် အပါအဝင် ကျောင်းသားကျောင်းသူခြောက်ဦး၊ ကျွန်တော့် စမ်းချောင်းမဲဆန္ဒနယ် မြေနီကုန်းမြောက်ရပ်ကွက်မှာနေတဲ့ မောင်မင်းထက်ဇင်မောင် အပါအဝင် ကျောင်းသားကျောင်းသူပေါင်း ၅၀ ဦးကနေပြီးတော့ ကျွန်တော့်ဆီ ပေးပို့လာခြင်းဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတရဲ့ ပညာသင်ဆုမှာ ဘွဲ့လွန်ကျောင်းသားအနည်းငယ်နဲ့ အများစုမှာ အခြေခံပညာအထက်တန်းအောင်ပြီး ဘွဲ့ကြိုကျောင်းသားကျောင်းသူများဖြစ်ပြီး ဝင်ခွင့်ပြုထားတဲ့ တက္ကသိုလ်များဟာလည်း ယုံကြည်စိတ်ချရတဲ့၊ ကောင်းမွန်တဲ့တက္ကသိုလ်တွေဖြစ်ကြောင်း ဆိုတာကို ကျွန်တော်ကိုယ်တိုင်လည်း ဆန်းစစ်လေ့လာတွေ့ရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထူးချွန်ကျောင်းသားကျောင်းသူများကို နိုင်ငံတော်သမ္မတပညာသင်ဆုဆိုပြီး ပညာသင်စရိတ်ကို လုံလောက်စွာထောက်ပံ့ရန်မှာ လွယ်ကူတဲ့ကိစ္စတစ်ရပ်မဟုတ်ဘူးဆိုတာကို နားလည်ပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲကျင်းပခဲ့တဲ့ ၂၀၁၅ ခုနှစ်မှာ ဘွဲ့လွန်၊ ဘွဲ့ကြိုကျောင်းသားကျောင်းသူ ၁၁၇ ဦးကို စေလွှတ်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်အတွင်း သက်ဆိုင်ရာနိုင်ငံတကာတက္ကသိုလ်အသီးသီးတွင် ဝင်ခွင့်ပြုနေပြီဖြစ်သော နိုင်ငံတော်သမ္မတပညာသင်ဆုရွေးချယ်ခံရသည့် ကျောင်းသားကျောင်းသူများစွာမှာ မျှော်လင့်ကြီးစွာနဲ့ အဖြေတစ်စုံတစ်ရာကို စောင့်မျှော်နေကြပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတပညာသင်ဆုဖြင့် စေလွှတ်ထားသော ကျောင်းသားကျောင်းသူ ၁၁၇ ဦးအား ဆက်လက်ပံ့ပိုးမှုရှိ/မရှိနှင့် ကျန်အရွေးချယ်ခံပညာသင်ဆုအောင် ကျောင်းသားကျောင်းသူများကို မည်သည့်အချိန်တွင် ပညာတော်သင်စေလွှတ်မည်ကို သိရှိလိုပါကြောင်း ကျောင်းသားကျောင်းသူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ပြည့်စုံပါစေကြောင်း မေတ္တာပို့သနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမမြောက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦးရဲ့ မေးခွန်းဖြစ်သော ယခင်နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရရှိခဲ့သည့် ကျောင်းသားကျောင်းသူများကို ဆက်လက်ပံ့ပိုးကူညီမှုများရှိ/မရှိဆိုတဲ့မေးခွန်းနဲ့ ယခု နိုင်ငံတော်သမ္မ၏ ပညာတော်သင်ဆု ထပ်မံဝင်ခွင့်ရရှိထားသော ကျောင်းသားကျောင်းသူ ၁၀၀ ကျော်ကို မည်သည့်အချိန်တွင် ပညာတော်သင်စေလွှတ်မည်ကို သိရှိလိုပါကြောင်းနှင့် ပညာတော်သင်စေလွှတ်မည်ဆိုပါက ပံ့ပိုးကူညီမှုများရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရွေးချယ်ခံရသူများစာရင်းကို ပြည်သူပိုင်သတင်းစာများတွင် (၄)ကြိမ် ကြေညာခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါရွေးချယ်ခံရသူများမှ အကြောင်းအမျိုးမျိုးကြောင့် မသွားရောက်နိုင်သဖြင့် နုတ်ထွက်သွားသူများမှလွဲ၍ ယခင်ပညာသင်နှစ်အတွင်း သင်တန်းတက်ရောက်ရန် အကြောင်းကြားစာလက်ခံရရှိခဲ့ပြီး သတင်းစာများတွင် ဖော်ပြကြေညာခြင်းပြုခဲ့သော ကျောင်းသူကျောင်းသားများအား ပညာသင်စေလွှတ်ပေးပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်သမ္မတ၏ ပညာသင်ဆုကို ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှစတင်ဆောင်ရွက်ခဲ့ရာ အင်္ဂလန်နိုင်ငံသို့ ၂၉ ဦး၊ အမေရိကန်နိုင်ငံသို့ ငါးဦး၊ ဩစတြေးလျနိုင်ငံသို့ ၄၆ ဦး၊ ဂျာမနီနိုင်ငံသို့ နှစ်ဦး၊ ထိုင်းနိုင်ငံသို့ နှစ်ဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ၃၃ ဦး စုစုပေါင်း ၁၁၇ ယောက် ရွေးချယ်စေလွှတ်ပညာသင်ခွင့်ပြုခဲ့ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ အဆိုပါ ၁၁၇ ဦးအနက် ၈၄ ဦးကို နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုအဖြစ်လည်းကောင်း၊ ၃၃ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချီးမြှင့်သော ပညာတော်ဆုအဖြစ်လည်းကောင်း သတ်မှတ်ပြီးတော့ ပညာသင်စရိတ်များ ထောက်ပံ့ဆောင်ရွက်ခဲ့ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**မူကြမ်း**

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွင်း ပညာတော်သင် ဆောင်ရွက်နေသူ ၈၄ ဦးအနက် ကျောင်းသူနှစ်ဦးရဲ့ ပညာသင်ကာလမှာ တစ်နှစ်အတွင်း ဆေးပညာမဟာပညာဘွဲ့ကို တက်ရောက်ပြီးဆုံးပြီဖြစ်တဲ့အတွက် ကျန် ၈၂ ဦးကို ဆက်လက်ထောက်ပံ့ဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ယခု ၂၀၁၆-၂၀၁၇ ပညာသစ်နှစ်အတွက် ပြည်ပတက္ကသိုလ်အသီးသီးမှ Offer Letter ရရှိသူများအနက်မှ မဟာသင်တန်းအတွက် ၄၃ ဦး၊ ပါရဂူသင်တန်းအတွက် ၂၂ ဦး စုစုပေါင်း ၆၅ ဦးကို ပညာတော်သင်ဆု ဆက်လက်ချီးမြှင့် စေလွှတ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ဒါ့အပြင် တိုးချဲ့ပြီး တက္ကသိုလ်အသီးသီးမှာ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ ဆရာဆရာမများရဲ့ အရည်အသွေးမြင့်မားတိုးတက်ရေးအတွက် နိုင်ငံတော်ပညာသင်ဆုသတ်မှတ်ပြီး ချီးမြှင့်ဆောင်ရွက်နိုင်ရန် ကြိုတင်ဆောင်ရွက်လျက်ရှိပါကြောင်း ရှိသေစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**စာသင်ကျောင်းများတွင် အားကစားကွင်းများ ကိုယ်စီဖန်တီးပေးနိုင်ခြင်းရှိ/မရှိ၊ အားကစားချိန်တွင် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများနှင့် အားကစားနည်းတစ်မျိုးမျိုးကို သင်ကြားပေးရန်နှင့် ယခင်ကကဲ့သို့ ကျောင်းတွင်းအားကစားပွဲများ၊ ကျောင်းသားအားကစားပွဲတော်များ၊ တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲများ ကျင်းပပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်ညို(ဒေးဒရဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဒေးဒရဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်မှုကော်မတီ အဖွဲ့ဝင် ဒေါက်တာဒေါ်ခင်ညိုဖြစ်ပါတယ်။ ကျွန်မမေးမြန်းလိုတာကတော့ ပညာရေးကဏ္ဍမှာ အားကစားဖွံ့ဖြိုးလာရေးကိစ္စအတွက်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံရဲ့ စာသင်ကျောင်းများရဲ့ပညာရေးစနစ်ဟာ အလွတ်ကျက်ပညာရေးစနစ်ဖြစ်နေပြီး စာမေးပွဲမှာ အမှတ်များများရဖို့ ဦးတည်နေသောပညာရေးစနစ်ဖြစ်နေပါတယ်။ ကျောင်းသားလေးများဟာ ကျောင်းကြီးစာသင်ချိန်၊ ကျူရှင်ချိန်၊ Guide ဆရာများရဲ့အချိန်နဲ့ မအားရအောင် စာဝန်ပိနေကြပါတယ်။ ကလေးသဘာဝအရဆော့စကားဖို့ ကျောင်းမှာရော၊ အိမ်မှာပါ ကစားကွင်းလည်းမလုံလောက်၊ အချိန်မရှိလည်းဖြစ်နေကြပါတယ်။ ကလေးများဟာ ၎င်းတို့ရတဲ့အချိန်မှာပဲ ဗီဒီယိုဂိမ်း၊ အင်တာနက်ဂိမ်း

ဂိမ်းမျိုးစုံကစားပြီး ဂိမ်းစွဲနေကြတာတွေ့ပါတယ်။ အချို့ကလေးများကလည်း ဆေးလိပ်၊ ကွမ်း၊ အရက်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကြွဆေးများပါ လက်တည့်စမ်းသုံးနေကြတယ်။ စွဲနေကြတာကိုတွေ့ရပါတယ်။ အခြားတစ်ဖက်ကကျတော့ လူမှုရေးသိတတ်မှု၊ ပြည်သူ့နီတိ၊ လူမှုရေးဝန်ထမ်းစိတ်ကတော့ ယခင်ကထက်နည်းပါးလာတာကို တွေ့နေရပါတယ်။ ကလေးသူငယ်များကို လမ်းမှန်ရောက်အောင် ညွှန်ပြသင်ကြားပေးဖို့ဟာ အနီးကပ် မိဘနှင့်ဆရာဆရာမများက တာဝန်ရှိသလို မူဝါဒချမှတ်ပေးရတဲ့ ကျွန်မတို့မှာလည်း တာဝန်ရှိပါတယ်။ ကလေးများရဲ့အပြုအမူ၊ အခြေအနေများကို အကဲခတ်နေ၊ သိနေပြီးတော့ မူဝါဒလမ်းစဉ်များချမှတ်ပေးဖို့လိုပါတယ်။ ကလေးများက စာဝန်ပိနေတဲ့အတွက် ထွက်ပေါက်ကိုနည်းမှန်လမ်းမှန်ရောက်အောင် အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲခြင်းမှ ရှောင်ရှားနိုင်အောင် အားကစားဘက်ကိုပြောင်းပေးဖို့လိုပါတယ်။ သို့မှသာ ကိုယ်ကာယကြံ့ခိုင်သန်စွမ်းမယ်၊ စိတ်ရွှင်လန်းမယ်၊ အဖွဲ့အစည်းနဲ့လုပ်တတ်ခြင်း၊ အကျင့်စာရိတ္တကောင်းမွန်ခြင်းစတဲ့ ဗလငါးတန်အကျိုးကျေးဇူးများ ရနိုင်ပါလိမ့်မယ်။ အခြေခံပညာအထက်တန်းစာမေးပွဲအောင်စာရင်းကိုကြည့်ရင် ၃၀ ရာခိုင်နှုန်းဝန်းကျင်လောက်ပဲရှိပါတယ်။ ကျရှုံးတဲ့ကလေးတွေက ၇၀ ရာခိုင်နှုန်းလောက်ရှိပါတယ်။ အဲဒီအင်အားက ပိုများပါတယ်။ ကျရှုံးတဲ့ကလေးတွေ ဘာလုပ်ကြသလဲဆိုတော့ အပြင်မှာသင်တန်းတက်တယ်။ စက်ရုံအလုပ်ကြမ်းတွေလုပ်ကြရတယ်။ ဆိုင်ဝန်ထမ်းတွေလုပ်ကြရတယ်။ နိုင်ငံခြားအလုပ်ကြမ်းတွေ သွားလုပ်ကြတယ်။ လူကုန်ကူးတဲ့အထဲ ပါသွားတာများလည်းရှိပါတယ်။ အဲဒီကလေးများကို ကျောင်းနေစဉ်ကတည်းကနေပြီးတော့ အားကစားတစ်ခုကိုလိုက်စားလို့ ကျွမ်းကျင်မယ်ဆိုရင် သူတို့ဘဝအတွက်ရည်မှန်းချက်ရှိလာနိုင်ပါတယ်။ လူကြီးများကလည်း မြေတောင်မြှောက်ပေးသင့်ပါတယ်။ မိဘများကလည်း ကိုယ့်ကလေးအခြေအနေကိုသိပြီးတော့၊ ဆန်းစစ်ပြီးတော့ လမ်းမှန်တင်ပေးသင့်တယ်လို့ထင်ပါတယ်။ ကျောင်းများမှာလည်း ကာယဆရာများပြည့်စုံအောင် ထားပေးသင့်ပါတယ်။ ကျွန်မတို့ကျောင်းများကို သွားရောက်ကွင်းဆင်းစစ်ဆေးရင် အများဆုံးတောင်းကြတာက ကာယဆရာဖြစ်ပါတယ်။ စာသင်ကျောင်းကျတော့ ကာယဆရာများကလည်း တချို့ကျောင်းတွေမှာ အားကစားမသင်ရဘဲနဲ့ ဆရာလိုလို့ ကျောင်းစာသင်ချိန်ဝင်သင်ပေးရနေရင်းပဲ စာသင်ဆရာဖြစ်သွားကြပါတယ်။ ပညာရေးမှုးထိအောင်ဖြစ်သွားတာကိုတွေ့ရပါတယ်။ မြန်မာ့အားကစားလောကမှာလည်း ကျဆင်းနေပါတယ်။ ရွှေတံဆိပ်တစ်ခုရဖို့ တော်တော်ခက်ခက်ခဲခဲကြိုးစားနေရသည်ဟု သိရပါတယ်။ အားကစားကဏ္ဍ ပြန်လည်ဦးမော့လာအောင် အားကစားသိပ္ပံကလေးများနဲ့ မလုံလောက်ပါဘူး။ ပိုမိုကျယ်ပြန့်သော အားကစားသမားများပါဝင်လာဖို့ လိုအပ်ပါတယ်။ ထို့ကြောင့် စာသင်ကျောင်းများကနေပြီးတော့

**မူကြမ်း**

ပညာထူးချွန်သောဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ IT ပညာရှင်တွေ စသည်တို့မွေးထုတ်ပေးသလို ထူးချွန်သော နိုင်ငံအတွက် အားကစားသမားကောင်းများကိုလည်း မွေးထုတ်ပေးဖို့လိုအပ်ပါတယ်။ ဒါကြောင့် အခုအခါမှာ စာသင်ကျောင်းများမှာ အားကစားပစ္စည်းထောက်ပံ့ခြင်း၊ အားကစားပွဲ လုပ်ပေးခြင်း၊ ပံ့ပိုးခြင်းများပြုလုပ်နေတာကိုတွေ့ရပါတယ်။ ဒီအတွက် ဝမ်းသာစွာကြိုဆိုပါတယ်။ သို့သော်လည်း မိဘများ၊ ဆရာဆရာမများကပါ၊ လူထုကပါ သဘောပေါက်ပြီးပါဝင်ကြဖို့ လိုပါသေး တယ်။ မိဘတွေက အထူးသဖြင့် အားကစားကစားလို့ရှိရင် ပညာရေးထိခိုက်မယ်လို့ ယူဆနေကြပါ တယ်။ ကျွန်မကတော့ မဖြစ်နိုင်ဘူးလို့ယူဆပါတယ်။ ယခုလက်ရှိအောင်မြင်နေတဲ့ ပညာရှင်တွေ၊ အရာရှိကြီးတွေဟာ ယခင်က အားကစားသမားကောင်းများ၊ လက်ရွေးစင်များဖြစ်ခဲ့ကြတာရှိပါတယ်။ အချိန်ကိုအသုံးချတတ်ဖို့ပဲလိုတယ် ထင်ပါတယ်။ ထို့ကြောင့် အားကစားလောက ပြန်လည်ဖွံ့ဖြိုးဖို့ အတွက် မူလတန်း၊ အလယ်တန်းမှစ၍ ကိုယ်ကာယလေ့ကျင့်ခန်းများကို အားကစားအချိန်မှာ အားကစားပြုလုပ်ပေးဖို့လိုပါလိမ့်မယ်။ ကလေးတစ်ယောက်ထူးချွန်လာတယ်။ အားကစားတစ်ခု ထူးချွန်လာမယ်ဆိုလို့ရှိရင်လည်း တစ်စိုက်မတ်မတ်ပြုစုပျိုးထောင် လေ့ကျင့်ပေးမယ်ဆိုလို့ရှိရင် နိုင်ငံတော်အတွက် ထူးချွန်သောအားကစားသမားကောင်းများ ထွက်ပေါ်လာနိုင်ပါတယ်။ ထို့ကြောင့်မို့ ရှေးကကဲ့သို့ ကျောင်းတွင်းအားကစားပြိုင်ပွဲ၊ ကျောင်းပေါင်းစုံ ကျောင်းသားအားကစားပွဲတော်၊ တက္ကသိုလ်နှင့်ကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲများ ကျင်းပပေးမယ်ဆိုလို့ရှိရင် ထိုပွဲတွေကနေပြီး တော့ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ထွက်ပေါ်လာမယ် ဖြစ်နိုင်ပါတယ်။

ထို့ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်မမေးမြန်းလိုတာကတော့ စာသင်ကျောင်းများမှာ အားကစားကွင်းများနှင့် ကာယဆရာများ ကိုယ်တိုင်ဖန်တီးပေးနိုင်ခြင်းရှိ/မရှိ၊ အားကစားချိန်မှာ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများ ပုံမှန်ကစားစေခြင်းနှင့် အားကစားနည်းတစ်မျိုးမျိုးကို ထူးချွန် လို့ရှိရင် ဆက်လက်ပြုစုပျိုးထောင်ပြီး သင်ကြားပေးနိုင်ရန်အစီအစဉ်ရှိ/မရှိနှင့် ကျောင်းတွင်း အားကစားပွဲများ၊ ကျောင်းသားအားကစားပွဲတော်များ၊ တက္ကသိုလ်နှင့်ကောလိပ်ပေါင်းစုံအားကစား ပြိုင်ပွဲများကျင်းပပေးရန်အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ခင်ညိုရဲ့မေးခွန်းဖြစ်တဲ့ စာသင်ကျောင်းများတွင် အားကစားကွင်းများ ကိုယ်စီဖန်တီးပေးနိုင်ခြင်း ရှိ/မရှိ၊ ဆက်လက်ပြီး အားကစားအချိန်များတွင် ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများနှင့် အားကစား နည်းတစ်မျိုးမျိုးကို သင်ကြားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ၊ ဆက်တိုက်မေးခွန်းဖြစ်တဲ့ ယခင်ကကဲ့သို့ ကျောင်းတွင်းအားကစားပွဲ၊ ကျောင်းသားအားကစားပွဲတော်များ၊ တက္ကသိုလ်ကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများကျင်းပပေးနိုင်ရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနှင့်စပ်လျဉ်းလို့ ဖြေကြားတင်ပြ မှာဖြစ်ပါတယ်။ ရှေးဦးစွာ မေးခွန်းရှင်လွှတ်တော်ကိုယ်စားလှယ်ကြီးအား ပညာရေးအတွက် အဓိက အထောက်အကူဖြစ်တဲ့ အားကစားကိစ္စထောက်ပြမေးမြန်းတဲ့အတွက် ကျေးဇူးဥပါကာရ လွန်စွာ ကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျောင်းသား အားကစားပွဲများကို ကျင်းပပေးခြင်းဖြင့် အမျိုးသားပညာရေးဥပဒေပါ ရည်မှန်းချက်တစ်ရပ်ဖြစ်သည့် တွေးခေါ်ကြံဆဝေဖန်ပိုင်းခြားနိုင်သည့် အသိဉာဏ်ရှိ၍ ဗလငါးတန် ပြည့်စုံသည့် နိုင်ငံ့သားကောင်း များဖြစ်ထွန်းရေးကို ဦးတည်လေ့ကျင့်ပေးရမည်ဆိုတဲ့အချက်ကို များစွာအထောက်အကူဖြစ်ပါတယ်။ အားကစားဆောင်ရွက်ခြင်းအားဖြင့် ကျောင်းသူကျောင်းသားများအတွက် ကိုယ်ခန္ဓာနှင့်စိတ်ဓာတ် ဖွံ့ဖြိုးပြီး ကြံ့ခိုင်သန်စွမ်းခြင်း၊ အသင်းအဖွဲ့ဆောင်ရွက်တတ်သော စိတ်ဓာတ်ရှိခြင်း၊ လူမှုရေးနှင့် ပေါင်းသင်းဆက်ဆံရေးတို့တွင် ဝင်ဆံ့စေခြင်းနှင့် ပြေပြစ်စွာနေတတ်စေခြင်း၊ စည်းကမ်းကိုစောင့်ထိန်း တတ်၍ ဥပဒေကိုနားလည်တတ်သော အလေ့အကျင့်ရှိခြင်း၊ ဇွဲရှိခြင်း၊ သည်းခံခြင်း၊ ဖြူစင်ဖြောင့်မတ် ခြင်း၊ စဉ်းစားဝေဖန်ကောက်နုတ်ချက်များကို တိုးတက်စေခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလို အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချတတ်တဲ့အလေ့အကျင့်ကောင်းများ ရရှိစေမှာ ဖြစ်ပါ တယ်။ ကျွန်တော်တို့ အခြေခံပညာဦးစီးဌာနလက်အောက်မှာရှိတဲ့ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ အခြေခံပညာကျောင်းများတွင် ပညာသင်ယူဆည်းပူးကြမည့် ကျောင်းသားကျောင်းသူ ကလေးများအတွက် ကျန်းမာပျော်ရွှင်စွာကစားနိုင်ရန် မူလကပင် ကျောင်းအားကစားကွင်းများ အတွက် မြေနေရာများကို ထည့်သွင်းလျာထားဖွဲ့စည်းခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ ကျောင်းအဆင့်

နှင့်လျော်ညီသော မြေနေရာအကျယ်အဝန်းရရှိရန် အခက်အခဲရှိလာပါတယ်။ တိုးတက်များပြားလာသော ကျောင်းသားဦးရေအရ ကျောင်းဆောင်သစ်များ ထပ်မံဆောက်လုပ်ရခြင်းကြောင့် အားကစားကွင်းဖန်တီးနိုင်မှုကိစ္စမှာ အခွင့်အလမ်း နည်းနည်းလျော့လာပါကြောင်း တင်ပြအပ်ပါတယ်။ သို့သော်လည်း နောင်လာမည့် တည်ဆောက်ရေးလုပ်ငန်းများမှာ ဒီအချက်ကို အလေးဂရုပြုပြီး အားကစားကွင်းအတွက် မြေနေရာရရှိရေး ဦးတည်ဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အခြေခံပညာအထက်တန်းကျောင်းများမှာ ဖွဲ့စည်းပုံအရ ကာယဆရာခန့်ထားရန် ဖွဲ့စည်းပုံရေးဆွဲထားခြင်းမရှိသော်လည်း ကျောင်းရှိဆရာများက အားကစားချိန်များမှာ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများသင်ကြားရာတွင် အနည်းဆုံး ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲအမှတ်(၁)နှင့်အမှတ်(၂)ကို ဖြည့်စွက်သင်ကြားပေးပါတယ်။

အားကစားနည်းများအား လေ့ကျင့်ပေးရာမှာ အနည်းဆုံး အခြေခံအားကစားနည်း(၆)မျိုးဖြစ်တဲ့ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်နှင့် ကြက်တောင်အားကစားနည်းစနစ်များကို အခြေခံကစပြီးတော့ သင်ကြားပေးလျက်ရှိပါတယ်။ ကျွန်တော်တို့အားကစားပွဲတွေနဲ့ပတ်သက်လို့ကတော့ ပညာရေးပြက္ခဒိန်ပါ ပညာရေးလုပ်ငန်းများအရ နှစ်စဉ် ဇူလိုင်လနှင့်ဩဂုတ်လများမှာ ကျောင်းတွင်းအားကစားပွဲများကိုလည်းကောင်း၊ စက်တင်ဘာလမှာ မြို့နယ်အဆင့် ကျောင်းသားအားကစားပွဲများကိုလည်းကောင်း၊ နိုဝင်ဘာလတွင် ခရိုင်နှင့်တိုင်းဒေသကြီးကျောင်းသားအားကစားပွဲများကိုလည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နောက် ကျွန်တော်တို့အဆင့်မြင့်ပညာဦးစီးဌာနအောက်မှာရှိတဲ့ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှာလည်း အားကစားရုံ၊ ဘောလုံးကွင်း၊ ဘတ်စကက်ဘောကွင်းများအား ဘဏ္ဍာငွေရရှိနိုင်သလောက် ဖြည့်ဆည်းပေးခဲ့သလို ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့မှာလည်း B.Sc(Sports) အားကစားသိပ္ပံဘွဲ့ကို ၂၀၁၃-၂၀၁၄ ကနေစပြီး သင်ကြားပေးတာရှိပါတယ်။ နောက်တစ်ခါ အဆင့်မြင့်ပညာကဏ္ဍအတွက် နှစ်နှစ်လျှင်တစ်ကြိမ်ကျင်းပသော အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲ(ASEAN University Games)ကို ဝင်ရောက်ယှဉ်ပြိုင်သလို လာမယ့် ၂၀၁၈ ခုနှစ်မှာကျင်းပမယ့် (၁၉)ကြိမ်မြောက်အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဝန်ကြီးဌာန အလိုက်ဖြစ်စေ၊ ဦးစီးဌာနအလိုက်ဖြစ်စေ၊ နယ်မြေဒေသ အလိုက်ဖြစ်စေ လမ်း၊ တံတားနှင့် လုပ်ငန်းအမျိုးမျိုး၌ စံသတ်မှတ်ချက်အမျိုးမျိုးကို တွေ့ရှိရပါသဖြင့် စံချိန်စံညွှန်းသတ်မှတ်ချက် များထားရှိခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ဒေါက်တာသန်းအောင်စိုး ဖြစ်ပါတယ်။ ကျွန်တော်သိချင်တဲ့မေးခွန်းကတော့ ပြည်ထောင်စုမြန်မာနိုင်ငံမှာ စံချိန်စံညွှန်းသတ်မှတ်ချက်တွေ တိတိကျကျသတ်မှတ်ထားတာရှိပါလား။ ရှိရင်လည်း ဘယ်အဖွဲ့အစည်း၊ ဘယ်ဌာနက ဦးစီးဦးဆောင်ပြုပြီးဆောင်ရွက်နေပါသလဲ။ သက်ဆိုင်ရာ ဌာနတွေအလိုက်၊ နယ်မြေဒေသတွေအလိုက် စံသတ်မှတ်ချက်တွေထားရှိခဲ့ရင်လည်း အများပြည်သူ သိရှိအောင် တရားဝင်ထုတ်ပြန်ပေးနိုင်ခြင်းရှိ/မရှိမေးထားတဲ့မေးခွန်းပဲဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့တိုင်းပြည် မှာ စံသတ်မှတ်ချက်တွေ တိတိကျကျရှိဖို့လိုပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ ခဏခဏ မေးနေရတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက လုပ်တဲ့လမ်းတွေ ပျက်တဲ့ကိစ္စဟာလည်း စံသတ်မှတ်ချက်တွေ တိတိကျကျမရှိလို့ ခဏခဏမေးနေရခြင်းပဲဖြစ်ပါတယ်။ စံသတ်မှတ်ချက်တွေ တိတိကျကျရှိမယ်ဆိုရင် တိတိကျကျဆောင်ရွက်နိုင်မယ်။ လုပ်ငန်းတွေဆောင်ရွက်နိုင်မယ်။ အုပ်ချုပ် နိုင်မယ်။ အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းနိုင်မယ်။ စတဲ့လုပ်ငန်းရပ်တွေအားလုံး ဆောင်ရွက်နိုင်မှာဖြစ်ပါ တယ်။ ကျေးဇူးပြုပြီး Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့တိုင်းပြည်မှာလည်း ခုနက လမ်း၊ တံတားတွေဟာ စံသတ်မှတ်ချက်တွေနဲ့လုပ်တဲ့အခါမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက စံတစ်မျိုး၊ ဆောက်လုပ်ရေးက စံတစ်မျိုး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးကစံတစ်မျိုး၊ စည်ပင်ကစံတစ်မျိုး စသည်ဖြင့် စံအမျိုးမျိုးကွဲနေတဲ့အတွက် လမ်းတွေ၊ တံတားတွေဟာ ခိုင်ခံ့မှုမရှိဖြစ်ခဲ့ရပါတယ်။ ကျေးလက်ဒေသဦးစီးဌာနအနေနဲ့လည်း လမ်းတစ်လမ်းအပေါ်မှာ နှစ်နှစ်အာမခံပေးတယ်ဆိုတာက လည်း အံ့ဩမိခဲ့ရပါတယ်။ အဲဒီလို စံသတ်မှတ်ချက်တွေ ပီပီပြင်ပြင်မရှိတဲ့အတွက် နှစ်နှစ်တန်တဲ့လမ်း၊

သုံးနှစ်တန်တဲ့လမ်းတွေဟာ နှစ်လ၊ သုံးလနဲ့ ပျက်စီးခဲ့ရတာလည်း ကိုယ်တွေ့ဖြစ်ပါတယ်။ ရန်ကုန်မှာ ဆိုရင်လည်း လမ်းညွှန်ဆိုင်းဘုတ်တွေကိုကြည့်ရင် အခုလိုမျိုး မြင်တွေ့ရပါတယ်။ အဲဒီမှာဆိုရင် ကြည့်ပါ။ ပထမကတော့ အောက်ခံအစိမ်းရောင်နဲ့ စာလုံးကြီးကြီးဖြစ်ပေမဲ့လို့ နောက်လုပ်တဲ့ ဆိုင်းဘုတ်တွေမှာ ဆိုင်းဘုတ်အရွယ်အစား အကြီးကြီးလုပ်ထားပြီးတော့ စာလုံးသေးသေးလေးတွေနဲ့၊ မြားပိန်ခြောက်ခြောက်ကလေးတွေနဲ့ဆိုတော့ ကားမောင်းရင်းတောင်မှ အတော်ပြူးပြဲပြီးတော့ ကြည့်ရပါတယ်။ အဲဒီလိုမျိုးဖြစ်ရတာလည်း စံသတ်မှတ်ချက်တွေမရှိလို့ပါ။ ရန်ကုန်-နေပြည်တော် အမြန်လမ်းတွေမှာဆိုရင်လည်းပဲ ကီလိုမီတာသတ်မှတ်ချက်တွေနဲ့ အမြန်နှုန်းကန့်သတ်ထားပါတယ်။ တချို့နေရာတွေမှာကျတော့ မိုင်နှုန်းတွေရေးထားတာတွေ့ရပါတယ်။ အဲဒီတော့ ကားမောင်းတဲ့ဒရိုင်ဘာ က ငါးမိုင်မှာ ရှစ်ကီလိုရှိတယ်ဆိုတာကို အလွတ်ကျက်ထားပြီးတော့၊ စိတ်တွက်နှင့်တွက်ပြီးတော့ မှန်းမောင်းရမလိုဖြစ်နေပါတယ်။ တော်တော်အဆင်မပြေတဲ့ကိစ္စရပ်တွေဖြစ်ပါတယ်။ လျှပ်စစ်ဌာနမှာ ဆိုရင်လည်း လျှပ်စစ်မီးပလပ်တွေ၊ မီးခေါင်းတွေ အမျိုးမျိုးရှိနေတာတွေ့ရပါတယ်။ အဲဒီလိုမျိုး 2 Pin, 3 Pin တွေမှာလည်း သုံးမြောင့်ပုံ ကိုးလို့ကန့်လန့်ခေါင်းတွေလည်းရှိပါတယ်။ အဲဒီလိုဟာတွေ အကုန် လုံးသုံးဖို့ ကျွန်တော်တို့တိုင်းပြည်ကလည်း အကုန်လုံး Multiple Plug တွေကို Plug ခုံတွေပါ ထွင်ထား ရတာလည်း ဖြစ်ပါတယ်။ အဲဒါကြောင့် ဒီလိုမျိုး မြေစိုက်ကြိုးတွေလည်း စနစ်တကျမရှိဘူး။ ခံနိုင်ဝန်အားတွေလည်း တိတိကျကျသတ်မှတ်မထားတဲ့အခါမှာ ကျွန်တော်တို့ မီးလောင်မှုတွေဖြစ်တဲ့ အခါမှာ ပြည်သူတွေပဲဆင်းရဲတွင်းမှာ ကြုံတွေ့ရပါတယ်။ Font တွေမှာဆိုလည်း Zawgyi Font, Unicode Font တိတိကျကျမရှိပါဘူး။ ဒါကြောင့် အဲဒီလိုမျိုး တိတိကျကျသိရှိနိုင်ဖို့အတွက် စံသတ်မှတ်ချက် မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အင်တာနေရှင်နယ်မှာလည်းပဲ International Standard Organization ဆိုပြီး (ISO) ကနေပြီးတော့ လုပ်ထားတာတွေလည်း ရှိပါတယ်။ ဒါကြောင့် မြန်မာပြည် မှာ တိတိကျကျစံသတ်မှတ်ချက်တွေနဲ့ ဆောင်ရွက်နိုင်ဖို့အတွက် အခုလိုမေးခွန်းကို မေးမြန်းရခြင်းဖြစ် ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ

ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာ သန်းအောင်စိုးရဲ့မေးခွန်းဖြစ်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ဝန်ကြီးဌာနအလိုက်ဖြစ်စေ၊ ဦးစီးဌာနအလိုက်ဖြစ်စေ၊ နယ်မြေဒေသအလိုက်ဖြစ်စေ စံသတ်မှတ်ချက်အမျိုးမျိုးကို တွေ့ရှိရပြီး ဌာနဆိုင်ရာအသီးသီးလုပ်ငန်းအမျိုးမျိုး၌ စံသတ်မှတ်ချက်များ ကွဲလွဲနေပါသဖြင့် အရည်အသွေး စံချိန်စံညွှန်းအရ ထိန်းကွပ်နိုင်ရန် စံချိန်စံညွှန်းသတ်မှတ်ချက်များ ထားရှိခြင်းရှိ/မရှိ၊ ရှိပါက မည်သည့်ဌာနမှ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် စံချိန်စံညွှန်း သတ်မှတ်ချက်များကို အများပြည်သူသိရှိနိုင်ရန် တရားဝင်ထုတ်ပြန်ကြေညာထားခြင်းရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ စံချိန်စံညွှန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနအတွင်း သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန လက်အောက်တွင် အမျိုးသားစံချိန်စံညွှန်းနှင့် အရည်အသွေးဌာနခွဲကို ဖွဲ့စည်းပြီး စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာကိစ္စများကို တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း ဦးစွာတင်ပြပါတယ်။ ကျွန်တော်တို့ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်က လွှတ်တော်ကြီးကပဲ စံချိန်စံညွှန်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းအတည်ပြုပြီး ဖြစ်ပါတယ်။ ဥပဒေပါအရ အမျိုးသားစံချိန်စံညွှန်းကောင်စီကို အဖွဲ့ဝင် ၂၄ ဦးဖြင့် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ဖွဲ့စည်းဆောင်ရွက်ပြီးဖြစ်သလို အမျိုးသားစံချိန်စံညွှန်းကောင်စီအနေဖြင့် အဖွဲ့ဝင် ၂၅ ဦးပါသော စံချိန်စံညွှန်းလုပ်ငန်းကော်မတီကို ဖွဲ့စည်းပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒီကော်မတီရဲ့လက်အောက်မှာ သက်ဆိုင်ရာကဏ္ဍအလိုက် နည်းပညာဆပ်ကော်မတီ ၂၀ ခုကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစရှိတဲ့ ပညာရှင်များဖြင့် ဖွဲ့စည်းပြီးဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။

လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းများအနေနှင့် လျှပ်စစ်နှင့် အီလက်ထရောနစ်ဆိုင်ရာ စံချိန်စံညွှန်းကော်မတီ၊ အစားအသောက်စံချိန်စံညွှန်းကော်မတီ၊ မော်တော်ယာဉ်ဆိုင်ရာထုတ်ကုန် ပစ္စည်းစံချိန်စံညွှန်းကော်မတီ၊ စီမံခန့်ခွဲမှုစနစ်နှင့် စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာကော်မတီ၊ အလှကုန်စံချိန်စံညွှန်းရေးဆွဲရေးကော်မတီ၊ ဆေးဝါးစံချိန်စံညွှန်းရေးဆွဲရေးကော်မတီ၊ စိုက်ပျိုးရေးအခြေခံ ထုတ်ကုန်စံချိန်စံညွှန်းကော်မတီ၊ ဆေးဝါးပစ္စည်းနှင့် စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီ၊ အဆောက်အဦ၊ လမ်း၊ တံတား၊ လေယာဉ်ကွင်းဆောက်လုပ်ရေး စံချိန်စံညွှန်းများရေးဆွဲရေး

**မူကြမ်း**

ဆပ်ကော်မတီ၊ တိုင်းရင်းဆေးဆိုင်ရာ စံချိန်စံညွှန်းဆပ်ကော်မတီ၊ ရော်ဘာနှင့်ရော်ဘာအခြေခံ စံချိန်စံညွှန်းဆပ်ကော်မတီ၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာစံချိန်စံညွှန်းကော်မတီ၊ ဓါတုဗေဒပစ္စည်းစံချိန်စံညွှန်းရေးဆွဲရေးကော်မတီ၊ စက်နှင့်စက်ပစ္စည်းဆိုင်ရာ စံချိန်စံညွှန်းရေးဆွဲရေးကော်မတီ၊ စွမ်းအင်ဆိုင်ရာစံချိန်စံညွှန်းရေးဆွဲရေးဆပ်ကော်မတီ၊ သစ်အခြေခံစံချိန်စံညွှန်းရေးဆွဲရေးဆပ်ကော်မတီ၊ မွေးမြူရေးနှင့် ရေထွက်လုပ်ငန်းပစ္စည်းများစံချိန်စံညွှန်းကော်မတီ၊ ပတ်ဝန်းကျင်နှင့် အရည်အသွေးစံချိန်စံညွှန်းကော်မတီ၊ ဘွိုင်လာစံချိန်စံညွှန်းရေးဆွဲရေးကော်မတီ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်လုံခြုံရေးနှင့် ကျန်းမာရေးဆိုင်ရာစံချိန်စံညွှန်းကော်မတီ စသဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း နယ်ပယ်အားလုံးကို ခြုံငုံမိအောင်တော့ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒီစံချိန်စံညွှန်းတွေဆောင်ရွက်ရတဲ့အခါမှာ လုပ်ငန်းစဉ်အဆင့်ဆင့်(၆)ရပ်နဲ့ ဆောင်ရွက်ရပါတယ်။ အဆိုပြုအဆင့်၊ ကြိုတင်ပြင်ဆင်တဲ့အဆင့်၊ ဆပ်ကော်မတီများမှ အဆိုပြုမူကြမ်းများကို စိစစ်ခြင်းအဆင့်၊ စုံစမ်းခြင်းအဆင့်၊ အတည်ပြုခြင်းအဆင့်၊ အများသူငှာသိရှိအောင် ထုတ်ပြန်ခြင်းအဆင့်များကို လိုက်နာဆောင်ရွက်ရပါတယ်။ လောလောဆယ်အားဖြင့် စံချိန်စံညွှန်းပေါင်း ၇၇ ခုကို အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာစံချိန်စံညွှန်းများနှင့်ကိုက်ညီပြီးတော့ ပြုစုပြီးဖြစ်ပါတယ်။ ပြုစုပြီးစံချိန်စံညွှန်းများကို www.myanmarstandards.org.mm Website မှာ အများပြည်သူသိရှိအောင်၊ နိုင်ငံတကာသိရှိအောင် တင်ပြထားပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ စံချိန်စံညွှန်းအတည်ပြုပြီးတာတွေ ပြည့်စုံလုံလောက်တဲ့အချိန်မှာ မြန်မာနိုင်ငံစံချိန်စံညွှန်းကုတ် MMS Myanmar Standard ကိုရိုက်နှိပ်ဖော်ပြပြီး အများပြည်သူအတွက် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သို့ပါ၍ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာလုပ်ငန်းများကို လမ်းများ၊ တံတားများ၊ စံချိန်စံညွှန်းများအပြင် အထက်ဖော်ပြပါဆပ်ကော်မတီအသီးသီးမှ ကဏ္ဍအလိုက် စံချိန်စံညွှန်းများကို ပြည့်စုံစွာတိုးချဲ့သတ်မှတ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ရှိသေစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**မူကြမ်း**

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။ ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကို အများကြီး ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့ ဆပ်ကော်မတီတွေရော၊ ကော်မတီတွေရော ဖွဲ့ပြီးတော့ ဆောင်ရွက်နေတယ်ဆိုတာလည်း သိပါတယ်။ ဒါပေမဲ့ ပြည်သူတွေပိုမိုသိရှိအောင်လို့ ကျွန်တော် မေးမြန်းရခြင်းဖြစ်ပါတယ်။ Website တွေကနေပြီးတော့ တင်ပေးထားတာက မှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့တိုင်းပြည်မှာ Website နဲ့အသုံးပြုနိုင်တဲ့ ပြည်သူဦးရေဟာ နည်းပါသေးတယ်။ ဒါကြောင့် တကယ်ထုတ်ပြန်ပြီးတဲ့ စံချိန်စံညွှန်းတွေကို နေ့စဉ်သတင်းစာတွေကပဲဖြစ်ဖြစ် ထည့်ပေးမယ်ဆိုရင် တော့ ပြည်သူတွေကြားထဲကို အမှန်တကယ်ရောက်မယ်။ ပြည်သူတွေကလည်း ဒီစံချိန်စံညွှန်းတွေကို ကြည့်ပြီးတော့ ပြည်သူတွေရဲ့တာဝန် ကျေပြွန်ဖို့အတွက် သူတို့နဲ့သက်ဆိုင်တဲ့ လုပ်ငန်းရပ်တွေမှာ ဘေးကနေစောင့်ကြပ်ကြည့်ရှုထိန်းကွပ်ပေးမယ်ဆိုရင် လုပ်ငန်း ဆောင်ရွက်တဲ့ နေရာတွေမှာ ပိုမို အောင်မြင်လာမှာဖြစ်တဲ့အတွက် နေ့စဉ်ထုတ် သတင်းစာတွေမှာပါ ထည့်သွင်း ဖော်ပြနိုင်ဖို့ အလေး အနက်တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ တင်ပြချက်ကို ကျေးဇူးတင်စွာ လက်ခံပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဒီစံချိန်စံညွှန်းကော်မတီအသီးသီးရဲ့ ဆောင်ရွက်နေတာအားလုံး ကို လက်ရှိဖော်ပြနေတဲ့ Internet Website တွင်ဖော်ပြသည့်အပြင် FM Radio, ရုပ်မြင်သံကြား လွှင့်တဲ့အစီအစဉ်တချို့၊ ပညာပေးအစီအစဉ်တချို့၊ နောက်တစ်ခါ လူထုကိုအသိပညာပေးတဲ့ Awareness Program တချို့လည်း ဆောင်ရွက်နိုင်ရန် ကြိုးပမ်းပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီး အကြံပြုသကဲ့သို့ အများပြည်သူဖတ်ရှုတဲ့ သတင်းစာများမှာလည်း အခါအခွင့်သင့် သလို ဖော်ပြနိုင်ရေး ကြိုးစားပါမည်ဖြစ်ကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**နတ်တလင်းမြို့နယ်၊ ကြိုးကြာကန်ကျေးရွာ၊ အ.ထ.က(ခွဲ)ရှိ အန္တရာယ်ရှိ နှစ်ထပ်ကျောင်းဆောင်အား ပယ်ဖျက်၍ (၁၀၀x ၃၀)ပေ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နတ်တလင်းမဲဆန္ဒနယ်က ဦးခင်အေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်အေး(နတ်တလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ နတ်တလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်အေးဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ် ကြိုးကြာခံကျေးရွာအုပ်စု ကြိုးကြာခံကျေးရွာ အ.ထ.က(ခွဲ)မှ အန္တရာယ်ရှိနှစ်ထပ်ကျောင်းဆောင်အား ပယ်ဖျက်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ၁၀၀ x ၃၀ ပေ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်မရှိပါက အဘယ်ကြောင့်မရှိရသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း မေးမြန်းမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ဖော်ပြပါ အန္တရာယ်ရှိနှစ်ထပ်ကျောင်းဆောင်ကိုပယ်ဖျက်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ၁၀၀ x ၃၀ ပေနှစ်ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် ပညာရေးဝန်ကြီးဌာနသို့ တင်ပြတောင်းခံခဲ့ပြီး ယခင်နတ်တလင်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးရဲထွဋ်ဦးက နှစ်ထပ်ကျောင်းဆောင်သစ်ကို ဦးစားပေးအစီအစဉ်ဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်မပြမေးခွန်း မေးမြန်းခဲ့ရာ ပညာရေးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ၁၀၀ x ၃၀ ပေနှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် ငွေကျပ် ၉၆ သန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေခေါင်းစဉ်အောက်မှ လျာထားတင်ပြပြီးဖြစ်ပါကြောင်း ဖြေကြားခဲ့ပါတယ်။ သို့ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀-၁၁-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၄/၄၃၇(၂-ပသ/အဖရ(၂၀၁၅)အရ စာရင်းပယ်ဖျက်ခံရသဖြင့် ဖော်ပြပါကျောင်းဆောင်သစ်ဆောက်လုပ်ရန် ငွေ ၉၆ သန်းကို ဘဏ္ဍာငွေလျှော့ချဖြတ်တောက်ခံရသဖြင့် ဖြည့်စွက်ရန်ပုံငွေတွင် ပါဝင်နိုင်ရေးအတွက် ထပ်မံတင်ပြတောင်းခံခဲ့သော်လည်း ခွင့်ပြုချက်မရရှိသည့်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မပေးနိုင်သဖြင့် ကတိကဝပ်စာရင်းမှ ပယ်ဖျက်ပေးပါရန် ပြည်သူ့လွှတ်တော်သို့ တင်ပြခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါ။ ဒါကတော့ အခုကျွန်တော်ပြောတဲ့အန္တရာယ်ရှိကျောင်းဆိုတာ အဝေးကကြည့်ရင်တော့ အင်မတန်လှပါတယ်။ အဲဒီကျောင်းဆောင်ဟာ ၁၉၇၅ ခုနှစ်က ဆောက်လုပ်ခဲ့တဲ့ကျောင်းဖြစ်ပါတယ်။ အဲဒီတော့ ဒီကျောင်းက ၁၉၇၅ ခုနှစ်က ကိုယ်ထူကိုယ်ထနဲ့ဆောက်လုပ်ခဲ့တာဖြစ်ပါတယ်။ ကြိုးကြာကန် အ.ထ.က (ခွဲ)မှာ ကျောင်းဆောင်သုံးခု

ရှိပါတယ်။ အခုအန္တရာယ်ရှိကျောင်းဆောင်ရယ်၊ ပေ ၁၀၀ x ပေ ၂၀ နှစ်ထပ်ကျောင်းဆောင်ရယ်၊ ပေ ၉၀ x ပေ ၃၀ တစ်ထပ်ကျောင်းဆောင်ရယ်ရှိပြီးတော့ ကျောင်းသားက ကြိုးကြာ အ.ထ.က(ခွဲ)မှာ အထက်တန်းအဆင့်ကျောင်းသားကျောင်းသူ ၁၀၃ ယောက်၊ အလယ်တန်းအဆင့် ၂၂၈၊ မူလတန်းအဆင့် ၆၈ ယောက်ရှိပါတယ်။ အထက်ဖော်ပြပါ အန္တရာယ်ရှိ နှစ်ထပ်ကျောင်းဆောင်က တိုင်များအက်ကွဲပြီးတော့ သံကျင်တွယ်တွေ ဆွေးပျက်နေတယ်။ တိုင်နံရံနဲ့ အုတ်နံရံတွေ တိုင်နဲ့အုတ်နံရံတွေ ကွာနေတယ်။ ယက်မတွေကွဲပြီးတော့ အထောက်အကူပေးထားရတယ်။ အဲဒီတော့ ဒါကြောင့်မို့လို့ ဒီကျောင်းဆောင်မှာ စာမသင်နိုင်တဲ့အတွက်ကြောင့် အလယ်တန်းအဆင့်ကျောင်းသားကျောင်းသူ ၂၂၈ ယောက်ကို အ.ထ.က(ခွဲ)၅ နဲ့ ၅ ဖာလုံခန့်ဝေးကွာတဲ့ အုန်းကျေးရွာက သရက်သုံးပင် ဘုန်းတော်ကြီးကျောင်းဓမ္မာရုံမှာ ရွှေ့ပြီးတော့ သင်ကြားနေရပါတယ်။ အန္တရာယ်ရှိနှစ်ထပ်ကျောင်းဆောင်ကို ပယ်ဖျက်ခွင့်ပြု၍ ကျောင်းဆောင်သစ်ကို မဖြစ်မနေအရေးတကြီးဆောက်လုပ်ရန် လိုအပ်နေပါတယ်။ သို့ပါ၍ ကြိုးကြာကန် အ.ထ.က(ခွဲ)မှ အန္တရာယ်ရှိနှစ်ထပ်ကျောင်းဆောင်အား ပယ်ဖျက်ခွင့်ပြု၍ ၁၀၀ x ၃၀ ပေ နှစ်ထပ်ကျောင်းဆောင်သစ်ကို ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အကယ်၍ အစီအစဉ်မရှိပါက အဘယ်ကြောင့်ဖြစ်သည်ကို ဒေသခံမိဘပြည်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်အေးရဲ့ မေးခွန်းဖြစ်သော ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ ကြိုးကြာကန်ကျေးရွာအုပ်စု၊ ကြိုးကြာကန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ရှိ အန္တရာယ်ရှိနှစ်ထပ်ကျောင်းဆောင်အားပယ်ဖျက်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ၁၀၀ ပေ ၃၀ ပေ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသွားတဲ့အချက်တွေရော၊ တင်ပြသွားတဲ့အချက်တွေရော မှန်ပါတယ်။ ပထမရန်ပုံငွေလျာထားတာရှိပါတယ်။ နောက် ဒုတိယရန်ပုံငွေ ပယ်ဖျက်ခံရတာ ရှိပါတယ်။ အခုလက်ရှိအခြေအနေမှာလည်း ဆောင်ရွက်မှုကို ကျွန်တော်ဆက်လက်ပါတယ်။ ဒီပဲခူးတိုင်းဒေသကြီး (အနောက်)၊ နတ်တလင်းမြို့နယ်၊ ကြိုးကြာကန်ကျေးရွာအုပ်စု၊ ကြိုးကြာကန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ယခုဘဏ္ဍာရေးနှစ် ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ အခုဘဏ္ဍာနှစ် ၂၀၁၆-၂၀၁၇ ရန်ပုံငွေခွဲဝေမှုမှာ လျာထားခဲ့ခြင်း မရှိတဲ့အတွက် ဒီဘဏ္ဍာနှစ်တွင်တော့ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ လာမယ့်နှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အဆိုပါ နှစ်ထပ်ကျောင်းဆောင်သစ်အတွက် ဆောက်လုပ်ပေးရန် ရန်ပုံငွေလျာထားပေးထားပြီးဖြစ်ပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးနှင့် ကျန်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို ကျွန်တော် ရှိသေစွာတင်ပြလိုသည်မှာ ကျွန်တော်တို့ဝန်ကြီးဌာနကနေ ခွဲဝေ ချထားပေးတဲ့ရန်ပုံငွေများသည် တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများမှာရှိတဲ့ ငွေစာရင်း ခေါင်းစဉ်မှဖြစ်သော်လည်း အဆိုပါရန်ပုံငွေများသည် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်စီမံမှု၊ သဘောတူညီမှု၊ ခွင့်ပြုမှုရရှိမှသာ သုံးစွဲနိုင်တာဖြစ်ပါတယ်။ ဒါ့အတွက် ယခုလို ကျောင်းဆောင်များဆောက်လုပ်ပေးရန် သို့တည်းမဟုတ် ပြင်ဆင်ပေးရန် တင်ပြမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များတွင်လည်း ဆောင်ရွက်သင့်ပါကြောင်းနှင့် ဒီပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ သဘောတူခွင့်ပြုချက်ရရှိတယ်။ နောက်လိုအပ်ကြောင်း ဒေသကြီး အဖွဲ့အစိုးရများမှ စိစစ်ပြီးမှသာ ကျွန်တော်တို့ ဆောင်ရွက်ပေးနိုင်တယ်ဖြစ်ပါကြောင်း ကျွန်တော် ရှိသေစွာ တင်ပြအပ်ပါတယ်။ ဒီ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာလည်း ရွှေ့ပြေးရန်ပုံငွေအရ အဆိုပြု ရန်ပုံငွေရဲ့ လောလောဆယ် ၂၃ ရာခိုင်နှုန်းလောက်ပဲ အခြေအနေပေးပါကြောင်းနှင့် ဘဏ္ဍာရေးအခြေ အနေပေးရင်ပေးသလို လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့တင်ပြချက်အား ဆောင်ရွက်ပေးနိုင်ပါမည် ဖြစ်ကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ ပညာရေးဝန်ကြီးဌာနကို ကျွန်တော် ပြန်လည်ရှင်းလင်း ဆွေးနွေး လိုပါတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေဟာ သက်ဆိုင်ရာမဲဆန္ဒနယ်မြေတွေရဲ့ဖွံ့ဖြိုးတိုးတက်ရေး အတွက် မေးခွန်းတွေ၊ အဆိုတွေ တင်ခွင့်ရှိပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာအုပ်ချုပ်ရေးအာဏာပိုင်

တွေအနေနဲ့လည်း ပူးပေါင်းဆောင်ရွက်ခွင့်ရှိပါတယ်။ ဒါက လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေအရ ပေးထားတဲ့အခွင့်အရေးပါ။ အဲဒီတော့ ဒီကိစ္စတွေဟာ သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီးတွေမှာ အစိုးရတွေဆီက တင်မှုဖြစ်လို့ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးတွေမှာပဲ မေးခွန်းမေးပါ။ အဆို တင်ပါဆိုတာတော့ လုံးဝဥပဒေနဲ့မညီပါဘူး။ အဲဒါကိုတော့ အလေးအနက်သတိပြုစေလိုပါတယ်။ ဒီလို ပဲ ပညာရေးဝန်ကြီးဌာနက အဲဒီလိုပြောမယ်ဆိုရင် ကျန်တဲ့ဝန်ကြီးဌာန၊ ဌာနတွေကလည်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးတွေမှာပဲ မေးပါဆိုရင် လွှတ်တော်တောင် ဘာရှိဖို့လိုတော့မှာလဲ။ အဲဒီတော့ ကိုယ်စားလှယ်တွေရဲ့အခွင့်အရေးမဆုံးရှုံးအောင်တော့ ဝန်ကြီးဌာနတွေဘက်က ဂရုစိုက်ပေးပါ။ တစ်အချက်။ (၂)အချက် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေအရပေးထားတဲ့ အခွင့်အရေး ကို လမ်းမလွှဲပါနဲ့။ ဒီမှာကိုယ်စားလှယ်တွေ သူ့တာဝန်သူလုပ်တာဖြစ်ပါတယ်။ ကိုယ်ဘက်က လုပ်ပေး နိုင်တာ၊ မလုပ်ပေးနိုင်တာကို ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်၊ မျှမျှတတ ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ ပဲ လိုအပ်ပါတယ်။ ဒီလိုမဟုတ်ဘဲနဲ့ ဒီဟာတွေဟာ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရက တင်လာမှဆိုရင် အခုကိုယ်စားလှယ်တွေဆွေးနွေးတဲ့အခါမှာ ဝန်ကြီးဌာနက သိသွားပြီ။ သိသွားပြီဆိုရင် တင်လာအောင် ကိုယ်ဘက်ကလည်း သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီး ပညာရေးဌာနကို ကိုယ့်အောက်မှာရှိတာပဲ။ တိုင်းဒေသကြီးပညာရေးတွေ၊ ပြည်နယ်ပညာရေးတွေ ရှိတာပဲ။ အဲဒီကနေ တင်နိုင်အောင် သူ့သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရကို တင်နိုင်အောင် ကိုယ့်ဘက်က လည်း လုပ်ပေးရမှာပေါ့။ အဲဒီလိုမဟုတ်ဘဲနဲ့ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ဒီမှာ ဒီဟာတွေဟာ ဘယ် ဝန်ကြီးဌာနကိစ္စပဲဖြစ်ဖြစ် ဘာဆွေးနွေးစရာလိုတော့တုန်း၊ ဘာမေးခွန်းမေးစရာ၊ ဘာအဆိုတင်စရာ လိုတော့တုန်း။ အဲဒီလိုတော့ မဖြစ်ပါနဲ့။ ဥပဒေနှင့်မညီတဲ့ဟာမျိုးတော့ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရတွေက လုပ်ပေးမှာမို့ ဒီမေးခွန်းတွေ၊ ဒီအဆိုတွေကို သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးမှာ တင်ပါဆိုတော့ ကျွန်တော်ပြောပါမယ်။ လုံးဝလက်မခံပါဘူး။ အဲဒါ ပညာရေး ဝန်ကြီးဌာနကို ကျွန်တော် အလေးအနက်ပြောကြားခြင်းဖြစ်ပါတယ်။

**အခြေခံပညာကျောင်းများ တည်ဆောက်ရေးအတွက် ဒေသအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေပေါ်မူတည်၍ ဒေသဈေးနှုန်းများအပေါ် အခြေအနေမှန်ဖြင့် တွက်ချက်တင်ပြသည့် အဆောက်အဦတန်ဖိုးကို အခြေခံ၍ လေလံစနစ်ဖြင့် တည်ဆောက်ခြင်း၊ ဆရာဆရာမများနားနေခန်းပါ အဆောက်အဦဒီဇိုင်းပုံစံပြောင်းလဲပေးရန်နှင့် သင်ထောက်ကူစာသင်ခုံများ၊ သင်ပုန်းများအား ကျောင်းသူကျောင်းသားဦးရေနှင့်အညီထောက်ပံ့ပေးရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ချို (လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် ဒီမေးခွန်းကိုမေးမြန်းရတဲ့အကြောင်းအရင်းကတော့ ကျွန်တော် အငြိမ်းစားမယူခင် တာဝန်ထမ်းတဲ့ကာလတစ်လျှောက်လုံး ပညာရေးဌာနနဲ့ ကျောင်းအဆောက်အဦတွေ ပြင်ဆင်စစ်ဆေးတဲ့အချိန်းတိုင်းလိုလိုမှာ မျက်မြင်တွေ့ခဲ့ရတဲ့အခြေအနေတွေ၊ ဆရာဆရာမတွေရဲ့ တင်ပြလာတာတွေပေါ်အခြေခံပြီးတော့ မေးဖြစ်ခဲ့တာဖြစ်ပါတယ်။ ကျောင်းအဆောက်အဦအသစ်တွေ ဆောက်ပြီးပေမဲ့လည်းပဲ သင်ထောက်ကူပစ္စည်း၊ စာသင်ခုံများ၊ ပရိဘောဂမရှိတာတွေ၊ ရှိတဲ့ခုံတွေကလည်းမပြည့်စုံမလုံလောက်တာ၊ ဟောင်းနွမ်းပျက်စီးပြီးတော့ ဖာထေးပြုပြင်ထားတာတွေများနေတာပဲတွေ့ခဲ့ရပါတယ်။ ကျောင်းဆောက်လုပ်ဖို့ ဘတ်ဂျက်ခွင့်ပြုတဲ့အခါမှာလည်းပဲ နယ်မြေမအေးချမ်းတာ၊ သွားလာရခက်ခဲတာ၊ ပစ္စည်းတွေသယ်ယူဖို့ကုန်ကျစရိတ်များတာတွေကြောင့် လုပ်ငန်းကို မဆောင်ရွက်ချင်ဘဲနဲ့ ငြင်းပယ်ကြတဲ့အခါမှာ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ဒေသတွေရဲ့ ရတဲ့အခွင့်အရေးလေးမဆုံးရှုံးစေဖို့အတွက် ဘက်ပေါင်းစုံကနေပြီးတော့ ကူညီဆောင်ရွက်ပေးရတာတွေလည်း ရှိခဲ့ပါတယ်။ ကျောင်းအသစ်တွေရဲ့ဖွဲ့စည်းပုံအရ စာသင်ခန်းသာပါလို့ ဆရာဆရာမတွေအတွက် ရုံးခန်းနှင့်နားနေခန်းနေစရာမရှိဘဲ အခက်အခဲဖြစ်နေတာတွေ စတာတွေအပေါ်အခြေခံပြီးတော့ မေးမြန်းရခြင်းလည်းဖြစ်ပါတယ်။ ကျွန်တော်စစ်ဆေးခဲ့ဖူးတဲ့ ကျောင်းအဆောက်အဦတွေက ဈေးနှုန်း၊ စံနှုန်း၊ အတိုင်းအတာ၊ စာချုပ်စာတမ်းစည်းကမ်းတွေအရ ပေးလျော်တာမျိုးမရှိဘဲ လွတ်ကင်းတဲ့ကျောင်းတစ်ကျောင်းမှမတွေ့ခဲ့ဖူးပါဘူး။ အရည်အသွေးပိုင်းအားနည်းချက်တွေလည်း တွေ့ခဲ့ရတဲ့အတွက် ကြုံကြိုက်လို့တင်ပြရခြင်းဖြစ်ပါတယ်။ ဒါတောင်မှ နေရာဒေသအများကြီးကို အချိန်လုပြီးတော့ တစ်ကျောင်းတစ်ကျောင်းကို အများဆုံးတစ်နာရီလောက်ပဲ စစ်ဆေးကြည့်ရှုခဲ့ရတဲ့အချိန်မှာ

စာသင်ကျောင်းတစ်ကျောင်းဟာ အနည်းဆုံးသိန်း ၂၀ နှင့် သိန်း ၄၀ ကြားလောက် ကွာခြားလိုအပ်ချက်တွေရှိနေတာကို တွေ့ခဲ့ရပါတယ်။

ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းနှင့်ပတ်သက်လို့ အခြေခံပညာကျောင်းအဆောက်အဦတွေဆောက်လုပ်တဲ့နေရာမှာ ပေ ၆၀ x ပေ ၃၀ ကို ကျပ် ၃၆ သန်း၊ ပေ ၉၀ x ပေ ၃၀ ကို ၅၄ သန်း၊ ပေ ၁၂၀ x ပေ ၃၀ ကို ၇၂ သန်းစတဲ့ သတ်မှတ်နှုန်းတွေကို တစ်နိုင်ငံလုံးအတွက် Plinth Area Estimate -PAE နှုန်း တစ်စတုရန်းပေကို ကျပ်နှစ်သောင်းနှုန်းနှင့် သတ်မှတ်ပေးထားတာတွေ့ရပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တဲ့ဒေသတွေမှာတော့ ဆောက်လုပ်တဲ့ Constructor တွေအတွက် အမြတ်အစွန်းတွေများနေနိုင်တာကိုတွေ့ရပြီးတော့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ပြည်နယ်အစွန်အဖျားတွေမှာတော့ သယ်ဆောင်ရခက်ခဲတဲ့အတွက် ရေတစ်တန် ကုန်းတစ်တန် အဆင့်ဆင့်သယ်ရတဲ့အခါမျိုးတွေရှိလာတဲ့အခါမှာ လေလံဆွဲပြီးတော့ လုပ်ချင်တဲ့သူတွေမရှိတာမျိုး ကြုံရပါတယ်။ ဥပမာအားဖြင့် ဘိလပ်မြေတစ်အိတ်ရဲ့တန်ဖိုးက မြို့ပေါ်မှာ ကျပ် ၅၀၀၀ လောက်ပဲရှိပေမဲ့ သွားလာရခက်ခဲတဲ့ဒေသကို ရောက်ဖို့အတွက် သယ်ရတဲ့စရိတ်က ကျပ် ၁၀၀၀၀ လောက်ကုန်ကျတာတွေ ဒေသအချို့မှာရှိနေတာတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျောင်းအဆောက်အဦတန်ဖိုးတွေကို ပုံသေမသတ်မှတ်ဘဲနဲ့ သက်ဆိုင်ရာဒေသ Local Rate ပေါ်မှာအခြေခံတွက်ချက်တဲ့ တန်ဖိုးပေါ်အခြေခံသတ်မှတ်သင့်တယ်လို့အကြံပြုလိုပါတယ်။

ပြီးတော့ ကျောင်းအဆောက်အဦဆောက်လုပ်တဲ့ပုံစံ၊ ဒီဇိုင်းတွေကလည်း စာသင်ခန်းတွေအတွက်ပဲ အဓိကထားရေးဆွဲထားတာတွေ့ရတဲ့အတွက် ဆရာဆရာမတွေအတွက်နားနေခန်းမရှိတာကြောင့် ဆရာဆရာမများအတွက် အခက်အခဲဖြစ်နေရတာလည်း တွေ့နေရပါတယ်။ ကျောင်းဆောင်တွေဆောက်လုပ်ပြီးပြန်တော့လည်းပဲ သင်ထောက်ကူပစ္စည်းတွေဖြစ်တဲ့ စာသင်ခုံတွေ၊ သင်ပုန်းတွေ၊ အခြားလိုအပ်ချက်တွေ မပြည့်မစုံဖြစ်နေရတာတွေလည်း တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဆရာဆရာမ၊ ကျောင်းသူကျောင်းသားတွေရဲ့လိုအပ်ချက်အတွက်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းသုံးခုမေးမြန်းလိုပါတယ်။ (၁) ကျောင်းအဆောက်အဦများအတွက် တန်ဖိုးသတ်မှတ်တဲ့အခါမှာ ဒေသအခြေအနေပေါ်မူတည်ပြီးတော့ ဒေသဈေးနှုန်း(Local Rate) ပေါ်အခြေခံတွက်ချက်တဲ့နှုန်းနဲ့ တန်ဖိုးသတ်မှတ်တဲ့စနစ် ပြောင်းလဲဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ၊ (၂) ကျောင်းအဆောက်အဦပုံစံ၊ ဒီဇိုင်းတွေမှာစာသင်ခန်းတွေအပြင်ကို ဆရာဆရာမနားနေခန်းတွေပါ ထည့်သွင်းတွက်ချက်တဲ့ပုံစံ၊ ဒီဇိုင်းပြောင်းလဲဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် (၃) ကျောင်းဆောင်သစ်တွေ ဆောက်လုပ်ပြီးတာနဲ့

တစ်ဆက်တည်း သင်ထောက်ကူပစ္စည်းတွေဖြစ်တဲ့ စာသင်ခုံ၊ သင်ပုန်းစတဲ့ သင်ထောက်ကူပစ္စည်းတွေကို ကျောင်းအမျိုးအစား၊ ကျောင်းသားဦးရေအခြေအနေပေါ်မူတည်ပြီးတော့ ပံ့ပိုးထောက်ပံ့ပေးနိုင်မယ့်အစီအစဉ်လေး ဆောင်ရွက်ပေးနိုင်မှုအစီအစဉ်ရှိ/မရှိမေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ စောစောက လွှတ်တော်ဥက္ကဋ္ဌကြီး လမ်းညွှန်တာကို ကျွန်တော်တို့ဝန်ကြီးဌာနက နာခံပါတယ်။ နောင်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ တင်ပြချက်များကို အလေးပေးဆောင်ရွက်ရန်လိုအပ်မည်ဖြစ်သလို ဒေသကြီးအစိုးရများရဲ့လုပ်ထုံးလုပ်နည်းနှင့်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားပါမယ်။ ဥပဒေပါအချက်အလက်များအတိုင်း ပညာရေးဝန်ကြီးဌာနမှ နာခံဆောင်ရွက်မည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ဆက်လက်၍ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုရဲ့မေးခွန်းဖြစ်သော အခြေခံပညာကျောင်းများတည်ဆောက်ရေး လုပ်ငန်းများအတွက် နိုင်ငံတော်မှ ကျောင်းအရွယ်အစားအလိုက် သတ်မှတ်တန်ဖိုးများဖြင့် လေလံစနစ်ပေး၍ ဆောင်ရွက်နေမှုအစား ဒေသအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေပေါ်မူတည်၍ ဒေသဈေးနှုန်းများအပေါ်အခြေခံပြီး အောက်ခြေမှအခြေအနေမှန်ဖြင့် တွက်ချက်တင်ပြသည့် အဆောက်အဦတန်ဖိုး၊ စံသတ်မှတ်နှုန်းပေါ်အခြေခံ၍ လေလံစနစ်ဖြင့်တည်ဆောက်ခြင်း၊ ကျောင်းအဆောက်အဦပုံစံတွင် စာသင်ခန်းများအပြင် ဆရာဆရာမနားနေခန်းများအတွက်ပါ ထည့်သွင်းရေးဆွဲတွက်ချက်ပေးသည့် အဆောက်အဦ ဒီဇိုင်းပြောင်းလဲဆောင်ရွက်နိုင်ရေး၊ စာသင်ကျောင်းဆောင်အသစ်များအပြင် သင်ထောက်ကူ၊ စာသင်ခုံ၊ သင်ပုန်းများအား ကျောင်းအမျိုးအစား၊ ကျောင်းသူ ကျောင်းသားဦးရေနှင့်အညီ ထောက်ပံ့ပေးနိုင်မည့် အစီအမံများ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်းပြီး တင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် ဘဏ္ဍာရေးနှစ်တစ်နှစ်

အတွက် ငွေလုံးငွေရင်းတည်ဆောက်ရေး BE မူလခန့်မှန်းလျာထားချက်များကို မြို့နယ်အတွင်းရှိ ကျောင်းသားဦးရေပေါ်မှာအခြေခံပြီးလျာထားရပါတယ်။ အဆိုပါလျာထားမှုအရအခြေခံပညာကျောင်း၊ ရုံးများကို မြို့နယ်ပညာရေးမှူးက မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျောင်း အကျိုးတော်ဆောင်များနှင့် တွေ့ဆုံညှိနှိုင်းအတည်ပြုပြီးမှ အန္တရာယ်ရှိကျောင်းများ၊ ဥပမိရုပ် မကောင်းသောကျောင်းများ၊ ကျောင်းသားဦးရေအရ တိုးချဲ့ဆောင်ရွက်ရန်လိုအပ်တဲ့ကျောင်းများ၊ သဘာဝဘေးဒဏ်သင့်တဲ့ကျောင်းများ၊ နေရာပြောင်းဆောက်လုပ်ရန်လိုအပ်တဲ့ကျောင်းများစသည်ဖြင့် လုပ်ငန်းများအဆင့်ဆင့်ခွဲခြားပြီး မြို့နယ်/ကျောင်းဦးစားပေးအစီအစဉ်အလိုက် အဆင့်များလျာထား သတ်မှတ်ပြီး ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်၊ ထောက်ခံချက်ဖြင့် ပြည်နယ် ပညာရေးမှူးမှတစ်ဆင့် အခြေခံပညာဦးစီးဌာနသို့ တင်ပြဆောင်ရွက်ရပါကြောင်း ရှိသေစွာတင်ပြ အပ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများမှ ဒီလုပ်ငန်းများကို စုစည်းပြီးမှ ပညာရေး ဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာဌာနများသို့ ဘတ်ဂျက်အတည်ပြုရရှိရေး တင်ပြဆောင်ရွက်သွား ရပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသကဲ့သို့ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် ငွေလုံးငွေရင်း တည်ဆောက်ရေးရန်ပုံငွေလျာထားချက်ရေးဆွဲရာမှာ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသလို ဒေသန္တရဈေးနှုန်းများအပေါ် မူတည်ပြီးတော့ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့များအလိုက် ဒေသအတွက်အတည်ပြုပေးသော PAE- Plinth Area Estimation တစ်ပေအတွက်ကုန်ကျစရိတ်နှုန်းများ သတ်မှတ်ပြီးဖြစ်ပါတယ်။ ဒီနှုန်းတွေနဲ့ပဲ ဆောင်ရွက်ရပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ လက်ရှိခွဲဝေပေးနေသော ဘဏ္ဍာရေး အခြေအနေနဲ့ကိုက်ညီတဲ့ ကျောင်းအဆောက်အဦပုံစံဒီဇိုင်းမှာ စာသင်ခန်းအပြင် ဆရာဆရာမ နားနေခန်းပါ ထည့်သွင်းရေးဆွဲတွက်ချက်နိုင်ရန် ရရှိနိုင်မယ့်မြေနေရာအကျယ်အဝန်းပေါ်မူတည်ပြီး ဆောင်ရွက်နိုင်ရေး စီစဉ်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျောင်းဆောင်အသစ်များ ဆောက်လုပ်သည့်ကျောင်းများ အတွက် လိုအပ်သောစာသင်ခုံ၊ ကျောက်သင်ပုန်းစသည့် လိုအပ်ချက် များကို တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများမှတစ်ဆင့် သတ်မှတ်ငွေစာရင်းခေါင်းစဉ်များ အတိုင်း တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ ကြီးကြပ်စီမံဆောင်ရွက်မှုဖြင့် လိုအပ်လျက် ရှိသော မြို့နယ်/ကျောင်းများသို့ ဘဏ္ဍာငွေခွဲဝေဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှိသေစွာတင်ပြ အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မှူးကြမ်း**

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ အခုလိုဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ ထပ်ဆင့်မေးချင်တဲ့မေးခွန်းလေးရှိပါတယ်။ သင်ကြားရေးဆိုင်ရာ အထောက်အကူ၊ စာသင်ခုံတွေဖြန့်ဝေပေးတာနဲ့ပတ်သက်လို့ ကျွန်တော်စစ်ဆေးခဲ့ရဖူးပါတယ်။ ဒီလွှတ်တော်အစည်းအဝေးမတိုင်ခင်လေးပဲ စာသင်ခုံတွေကိုဖြန့်ဝေပေးတာတွေ့ခဲ့ရပါတယ်။ စာသင်ခုံတွေကို ဟိုးအရင်က အခြေခံပညာဦးစီးဌာနကပဲ လေလံပေးပြီးတော့ တစ်နိုင်ငံလုံးဖြန့်ဝေပေးတာတွေ့ရပါတယ်။ မျက်မြင်စစ်ဆေးတဲ့အခါမှာ အဆင့်ဆင့်သယ်ရတဲ့အခါကျတော့ စာသင်ခုံတွေဟာ မူလအတိုင်းမရဘဲနဲ့ ပျက်စီးယိုယွင်းတာ၊ စရွေးမကိုက်တာတွေတွေ့ရပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်လောက်ကဆိုရင် စာသင်ခုံတွေအသုံးပြုတဲ့သစ်အမျိုးအစားတွေဟာ အင်မတန်မှညံ့ဖျင်းတဲ့အခါကျတော့ ဆရာဆရာမတွေက အသုံးမပြုရဲတဲ့အနေအထားထိတောင် တွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့စစ်ဆေးခဲ့ရတဲ့ဝန်ထမ်းတွေအနေနဲ့က ဘယ်လိုပုံစံမလုပ်ရဘူးလို့ပြောပိုင်ခွင့်လည်းမရှိပါဘူး။ စာချုပ်စည်းမျဉ်းစည်းကမ်းနှင့်ညီ၊ မညီပဲစစ်ဆေးမေးမြန်းပိုင်ခွင့်ရှိတဲ့အတွက်ကြောင့် ကန်ထရိုက်တွေအပေါ်မှာလည်းပဲ အပြစ်ပေးအရေးယူပိုင်ခွင့်မရှိပါဘူး။

ဒါကြောင့် ကျွန်တော်မေးချင်တာကတော့ သတ်မှတ်ဈေးနှုန်း ဒါမှမဟုတ် ဒေသဈေးနှုန်းနှင့်အညီ အရည်အသွေးပြည့်ဝတဲ့ စာသင်ခုံတွေကို သက်ဆိုင်ရာဒေသတွေမှာပဲ ဆောင်ရွက်စေတဲ့စနစ်မျိုးခွင့်ပြုဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် သစ်အစရှိတဲ့ ကုန်ကြမ်းရှားပါးတဲ့ဒေသတွေအတွက်ကိုတော့ အထက်ရုံးဌာနတွေကနေ ကန်ထရိုက်စနစ်နဲ့ ဆောင်ရွက်တဲ့စနစ်မျိုး ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ထပ်ဆင့်မေးမြန်းချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဒီထပ်ဆင့်မေးခွန်းအတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးအား ကျေးဇူးအထူးတင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ အကြံပြုချက်က ကျွန်တော်တို့လည်း လက်ရှိကျင့်သုံးနေပါတယ်။ ဆီလျော်ညီညွတ်တဲ့ တင်ပြချက်လည်းဖြစ်ပါတယ်။ ကျွန်တော်တို့ တက်နိုင်သရွေ့နောင်အသုံးပြုမယ့် ဒီပရိဘောဂအတွက် ဘဏ္ဍာငွေအသုံးပြုမှုများကို ဒေသအတွင်းမှာပဲ ဒေသမှာရှိတဲ့ လုပ်ငန်းရှင်၊ ဒေသမှာရှိတဲ့ ကျောင်းအကျိုးတော်

ဆောင်၊ ဒေသမှာရှိတဲ့ စာရင်းစစ်၊ ဒေသမှာရှိတဲ့ အာဏာပိုင်၊ ဒေသမှာရှိတဲ့ ကျောင်းအုပ်ကြီးများကိုပဲ တာဝန်ပေးပြီး တက်အားသရွေ့ဆောင်ရွက်စေရန်စီစဉ်မည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**တက္ကသိုလ်တစ်ခုချင်းစီအတွက် ပဋိညာဉ်နှင့် တက္ကသိုလ်အားလုံးကို လွှမ်းခြုံသော ပဋိညာဉ်ရေးဆွဲရေး အတွက် အချိန်မူဘောင်၊ တက္ကသိုလ်ကျောင်းသား သမဂ္ဂများအားလုံး မည်သည့်အချိန်တွင် တည်ဆောက်ပြီးစီးမည်နှင့် သမိုင်းဝင်ကျောင်းသား သမဂ္ဂအဆောက်အဦကို ပြန်လည်တည်ဆောက်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဦးလှစော(မြောက်ဦးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးနှင့် အားလုံးကို လေးစားပါတယ်။ ကျွန်တော်က မြောက်ဦးမဲဆန္ဒနယ်က ဦးဦးလှစော ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမှာက တက္ကသိုလ် ကျောင်းသားသမဂ္ဂတွေ ဖွဲ့စည်းတည်ထောင်ရေးနဲ့ သမိုင်းဝင်တက္ကသိုလ်ကျောင်းသားသမဂ္ဂကြီးကို ပြန်လည်တည်ဆောက်ရေးနှင့်ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသား ပညာရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်က ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ ပါတယ်။ အဲဒီဥပဒေထဲမှာ ကျောင်းသားသမဂ္ဂနဲ့ပတ်သက်ပြီး ဖော်ပြထားခြင်းမရှိခဲ့ပါ။ အဲဒီပညာရေး ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပါတယ်။ ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)မှာ အဆင့်မြင့်ပညာကျောင်းများတွင် ဆရာသမဂ္ဂများနှင့် ကျောင်းသားသမဂ္ဂများကို သက်ဆိုင်ရာတက္ကသိုလ်ရဲ့ ပဋိညာဉ်စာတမ်းနှင့်အညီ လွတ်လပ်စွာဖွဲ့စည်းတည်ထောင်ခွင့်၊ လှုပ်ရှားခွင့် ရရှိရေးလို့ ဖော်ပြပါရှိပါတယ်။ အဲဒါကြောင့် တက္ကသိုလ်ကျောင်းသားများသမဂ္ဂကို တရားဝင်ဖွဲ့စည်း ခွင့်ရပြီလို့ ယေဘုယျပြောဆိုနိုင်ပါတယ်။ ဒါပေမဲ့ သက်ဆိုင်ရာတက္ကသိုလ်ရဲ့ ပဋိညာဉ်စာတမ်းနှင့်အညီ လို့ ညွှန်းဆိုထားပါတယ်။ တက္ကသိုလ်ပဋိညာဉ်စာတမ်းဟာ အဆုံးအဖြတ်ဖြစ်နေပါတယ်။ တက္ကသိုလ် ကောင်စီဆိုတာလည်း အဲဒီ ပဋိညာဉ်စာတမ်းအရ ဖွဲ့စည်းရပါမယ်။ ဒါကြောင့် တက္ကသိုလ်ပဋိညာဉ် စာတမ်းမရှိသေးတဲ့ တက္ကသိုလ်အားလုံးအတွက် ကျောင်းသားသမဂ္ဂတွေဟာ ပေးကာပေး၏ မရဖြစ်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီမိုကရေစီမြန်မာ့လူ့အဖွဲ့အစည်းမှာ မလိုအပ်တဲ့ အရာ တွေရှိပါတယ်။ လိုအပ်တဲ့အရာတွေရှိပါတယ်။ လိုအပ်တဲ့အရာတစ်ခုကတော့ ကျောင်းသားသမဂ္ဂပါပဲ။ မလိုအပ်တဲ့ အရာတစ်ခုကတော့ ပြည်တွင်းစစ်ပါ။ အဲဒီတော့ ကျွန်တော်တို့က ကံဆိုးစွာနဲ့ လိုအပ်တာ တွေမရဘဲနဲ့ မလိုအပ်တာတွေကို ကျွန်တော်တို့က ထွေးပိုက်ထားပါတယ်။ ကျောင်းသားသမဂ္ဂဆိုတာ

ဟာ ကျွန်တော်တို့ ဗမာ၊ ချင်း၊ ကချင်၊ ရခိုင် အားလုံးကျောင်းသားကျောင်းသူတွေအတွက် စာပေ၊ အနုပညာ၊ ဂီတ၊ အားကစား တကယ့်ပန်းဥယျာဉ်ကြီးတစ်ခုဖြစ်ပါတယ်။ ကျောင်းသားသမဂ္ဂဆိုတာဟာ ကျွန်တော်တို့ ဒီမိုကရေစီကိုမြတ်နိုးတဲ့ ဒီ ကျွန်တော်တို့ ပညာတတ်လူငယ်တွေကို မွေးထောင်တဲ့ မိခင်ရင်ခွင်ကြီး တစ်ခုဖြစ်ပါတယ်။ ကျောင်းသားသမဂ္ဂဆိုတာဟာ ကျောင်းသားတွေရဲ့လွှတ်တော် လည်းပဲဖြစ်ပါတယ်။ ကျွန်တော်အဓိကပြောချင်တာက ကျောင်းသားသမဂ္ဂဆိုတာ စည်းမဲ့၊ ကမ်းမဲ့၊ သာလာယံဇရပ်ကြီး သူပုန်ဌာနချုပ်တစ်ခုမဟုတ်ပါဘူး။ ဒါကြောင့် ကျောင်းသားသမဂ္ဂဟာ အမှန်တကယ်လိုအပ်တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လူငယ်တွေနဲ့ ကျောင်းသားလူငယ်တွေနဲ့လည်း ကျောင်းသားသမဂ္ဂကို ထောင်ထဲကိုရောက်သွားတဲ့ မိဘတွေကို သားသမီးတွေက မျှော်လင့်ကြိုဆိုနေသလို တကယ်တမ်းတမ်းတတ ကြိုဆိုနေပါတယ်။ အဲဒါကြောင့် ကျောင်းသားသမဂ္ဂဖြစ်မြောက်ရေးအတွက် ကျွန်တော်မေးခွန်းတချို့ကို မေးပါရစေ။ (၁) တက္ကသိုလ် တစ်ခုချင်းစီအတွက် ပမ္မညာဉ်နှင့် တက္ကသိုလ်အားလုံးကို လွှမ်းခြုံသော ပမ္မညာဉ်ရေးဆွဲရေးအတွက် အချိန်မူဘောင်ကို သိလိုပါတယ်။ တက္ကသိုလ်ကျောင်းသားသမဂ္ဂများအားလုံး မည်သည့်အချိန်တွင် တည်ထောင်ပြီးစီးမည်ကို သိရှိလိုပါတယ်။ သမိုင်းဝင်ကျောင်းသားသမဂ္ဂအဆောက်အဦကို ပြန်လည် တည်ဆောက်ရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းလိုပါတယ်။ အားလုံးကို လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရခိုင်ပြည်နယ်၊ မြောက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဦးလှစောရဲ့မေးခွန်းဖြစ်သော တက္ကသိုလ်တစ်ခုချင်းစီအတွက်ပမ္မညာဉ်၊ တက္ကသိုလ်အားလုံးကို လွှမ်းခြုံသောပမ္မညာဉ်၊ ရေးဆွဲရေးအတွက် အချိန်မူဘောင်၊ တက္ကသိုလ်ကျောင်းသားသမဂ္ဂများအားလုံး မည်သည့်အချိန်တွင် တည်ထောင်ပြီးစီးမည်နှင့် သမိုင်းဝင်ကျောင်းသားသမဂ္ဂအဆောက်အဦကို ပြန်လည်တည်ဆောက်ရန်အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသလို အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်

ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(က)ကို အစားထိုးထားသော ပုဒ်မခွဲ(ဌ)အရ တက္ကသိုလ်ကောင်စီဖွဲ့စည်းမှုကို သက်ဆိုင်ရာတက္ကသိုလ်ပဋိညာဉ်စာတမ်းအရဟူ၍လည်းကောင်း၊ ပုဒ်မ ၄ ပုဒ်မခွဲ(ဂ) ဖြည့်စွက်ထားသော ပုဒ်မခွဲ(ဌ)အရ တက္ကသိုလ်ဝင်ခွင့်နှင့် တက်ရောက်လိုသောတက္ကသိုလ်များနှင့်ပတ်သက်၍ တက်ရောက်လိုသည့် တက္ကသိုလ်၏ပဋိညာဉ်စာတမ်းနှင့်အညီဟူ၍လည်းကောင်း၊ ပုဒ်မ-၁၂ အစားထိုးထားသည့် ပုဒ်မ (၂၈) ပုဒ်မခွဲ(ခ)အရ တက္ကသိုလ်ဝင်ခွင့်နှင့် တက်ရောက်လိုသည့် တက္ကသိုလ်လျှောက်ထားမှုနှင့်စပ်လျဉ်း၍ တက်ရောက်လိုသည့် တက္ကသိုလ်၏ပဋိညာဉ်စာတမ်းနှင့် အညီ သတ်မှတ်ထားသော တက္ကသိုလ်ဝင်ခွင့်စနစ် ကျင့်သုံးရမည်ဟူ၍လည်းကောင်း ဥပဒေတွင် ဖော်ပြပြီးဖြစ်ပါတယ်။ ဥပဒေအရ တက္ကသိုလ်အသီးသီးသည် မိမိတို့တက္ကသိုလ်များနှင့် သဘာဝ ကိုက်ညီမှုရှိသော ပဋိညာဉ်စာတမ်းတစ်ခုစီ ရေးဆွဲသတ်မှတ်နိုင်သည့် အခွင့်အရေးရပြီးဖြစ်ကြောင်း တင်ပြပါတယ်။ သို့ဖြစ်ပါ၍ တက္ကသိုလ်ပဋိညာဉ်စာတမ်းသည် တက္ကသိုလ်အားလုံးကို လွှမ်းခြုံပြီး ရေးဆွဲခြင်းနဲ့ တက္ကသိုလ်တစ်ခုချင်းကသာရေးဆွဲရန် ဥပဒေက ပြဋ္ဌာန်းထားပါကြောင်း ရှိသေစွာတင်ပြ အပ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်၊ မေလ ၂၈ နှင့် ၂၉ ရက်နေ့တို့မှာ အဆင့်မြင့်ပညာနှီးနှော ဖလှယ်ပွဲတွင် မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများ ပါဝင်ဆွေးနွေးခဲ့ကြပြီး တက္ကသိုလ်ပဋိညာဉ်စာတမ်းတစ်ခုတွင် ပါဝင်ရမည့် အခြေခံအချက်(Frame Work)များကို ဆွေးနွေး သတ်မှတ်နိုင်ခဲ့ပါတယ်။ ယခုအခါ တက္ကသိုလ်အသီးသီးသည် မိမိတို့တက္ကသိုလ်၏ သဘောသဘာဝနှင့် ဆီလျော်ကိုက်ညီမှုရှိသော ပဋိညာဉ်စာတမ်းများကို အသီးသီးရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ပဋိညာဉ်စာတမ်းတစ်ခုသည် တက္ကသိုလ်တစ်ခု၏ အသက်သွေးကြော ဖြစ်သည့်အတွက် ပြည့်စုံကောင်းမွန်ရေး၊ အမျိုးသားပညာရေးဥပဒေ၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေများနှင့် ကိုက်ညီစွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်အချက်များကို တက္ကသိုလ်များက အချိန်ယူဆောင်ရွက်နေပါကြောင်း တင်ပြအပ်ပါတယ်။ အမျိုးသားပညာရေးဥပဒေ ကို ပြင်ဆင်သည့်ဥပဒေမှာလည်း အဆင့်မြင့်ပညာကျောင်းများတွင် ကျောင်းသားဆရာသမဂ္ဂများနှင့် ကျောင်းသားသမဂ္ဂများကို သက်ဆိုင်ရာတက္ကသိုလ် ပဋိညာဉ်စာတမ်းနှင့်အညီ လွတ်လပ်စွာဖွဲ့စည်း ထူထောင်လှုပ်ရှားခွင့်ရှိရေးဟု ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် တက္ကသိုလ်တစ်ခုတွင် ကျောင်းသား သမဂ္ဂများဖွဲ့စည်းနိုင်ရေးသည် သက်ဆိုင်ရာတက္ကသိုလ်၏ ပဋိညာဉ်စာတမ်းအရသာ ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းဖြစ်တဲ့ ရန်ကုန်တက္ကသိုလ်ဝင်း အတွင်း ယခင်က ကျောင်းသားသမဂ္ဂအဆောက်အဦ မူလတည်ရှိခဲ့သောမြေနေရာတွင် ကျောင်းသား

သမဂ္ဂအပါအဝင် ဘာသာရပ်ဆိုင်ရာအသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စများ၊ အားကစားအသင်းအဖွဲ့များ၊ အနုပညာလုပ်ငန်းများ၊ အခြားလူမှုရေးဆိုင်ရာ ကျောင်းသား အသင်းအဖွဲ့များ ထားရှိဆောင်ရွက်နိုင်မည့် ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် အသုံးပြုနိုင်မည့် ကျောင်းသားသမဂ္ဂအဆောက်အဦတစ်ခု ဆောက်လုပ်နိုင်ရန်အတွက် လိုအပ်ချက်များ၊ ဘတ်ဂျက် လျာထားချက်များ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဦးလှစော(မြောက်ဦးမဲဆန္ဒနယ်)**။ ။ ကျွန်တော် နောက်ဆက်တွဲမေးခွန်းမေးပါရစေ။ ကျွန်တော်မေးတဲ့အထဲမှာ ကျွန်တော်က မည်သည့်အချိန်ဆိုတာ ပါပါတယ်။ အဲဒီတော့ ကျွန်တော်တို့က လုပ်ငန်းလုပ်ဆောင်မှုနှေးကွေးတဲ့အခါမှာ အကောင်အထည်ဖော်မှုလည်း နှေးကွေးပါလိမ့်မယ်။ အဲဒါကို ရေးဆွဲနေပါတယ်။ ကျွန်တော်တို့ဆောက်နေပါတယ်။ လုပ်နေပါတယ်။ စီစဉ်နေပါတယ်ဆိုတဲ့ ဒီထက် ကျွန်တော်တို့က ကျွန်တော်တို့စိတ်ချမ်းသာတယ်။ တိုင်းပြည်အတွက်လည်း လိုအပ်တဲ့ တိတိကျကျ အချိန်လုပ်ငန်းကို ကျွန်တော်မေးခွန်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်က အဲဒီအချိန်ကို ကျွန်တော်တို့ ဝန်ကြီးဌာနက ဖြေကြားပေးစေလိုပါတယ်။ နောက်တစ်ချက်က ကျွန်တော်သိတာက တက္ကသိုလ်တစ်ခု ချင်းကို ရေးဆွဲတဲ့အခါမှာ ကျောင်းသားလူငယ်တွေရဲ့ သဘောထားဟာ ပါဝင်ခွင့်မရှိပါဘူး။ အဲဒီတော့ ကျောင်းသားတွေဟာ သူတို့နည်းသူတို့ဟန်နဲ့ တက္ကသိုလ်ကျောင်းသားသမဂ္ဂဆိုပြီးတော့ ဖွဲ့စည်းထား ကြပါတယ်။ အဲဒီလို ရေးဆွဲတဲ့အခါမှာ သူတို့ရဲ့သဘောထားတွေကို မပါဘူးလို့ကျွန်တော် ယေဘုယျ သိနေရပါတယ်။ ဒါကြောင့် ရေးဆွဲတဲ့အခါမှာ ကျောင်းသားတွေရဲ့သဘောထား၊ မိဘတွေရဲ့ သဘောထားနဲ့ ညှိနှိုင်းတိုင်ပင်မှုမျိုး လုပ်ပါသလားဆိုတာကိုလည်း ကျွန်တော် ထပ်ဆင့်ပြီး မေးမြန်းလို ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။ မိုက်ပေးပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းအတွက် ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်ကြီး များ သိရှိပြီးတဲ့အတိုင်း ကျွန်တော်တို့ရဲ့ မိခင်ဥပဒေသည် အမျိုးသားပညာရေး ဥပဒေ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ စောင့်ရှောက်မှုနဲ့ပဲ ဒါ ပြီးခဲ့တဲ့နှစ်နှစ်က ကျွန်တော်တို့ ပြဋ္ဌာန်းပြီး

ဖြစ်ပါတယ်။ လိုအပ်ချက်များလည်း ပြင်ဆင်ပြီးဖြစ်ပါတယ်။ ဒီမိခင်ဥပဒေကြီး အောက်မှာ ဒီ ပညာရပ်နယ်ပယ်အလိုက် Sectorial law တွေ ဆက်ပြီးဆောင်ရွက်လျက်လည်း ရှိပါတယ်။ ကျွန်တော်တို့ အခုလွှတ်တော်ကြီးရဲ့ ဥပဒေကြမ်းကော်မတီမှာလည်း အခြေခံပညာဥပဒေ၊ နည်းပညာနှင့်အသက်မွေးပညာဥပဒေ၊ စာစစ်ဥပဒေ စသဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအထဲ မှာမှ ဒီပဋိညာဉ်နဲ့ စပ်လျဉ်းလို့က အရေးကြီးဆုံးဥပဒေတစ်ခုရှိသေးပါတယ်။ အဆင့်မြင့်ပညာဥပဒေဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ တက္ကသိုလ်တွေရဲ့ပုံစံ၊ တက္ကသိုလ်တွေရဲ့ တာဝန်ယူမှု၊ တက္ကသိုလ်တွေရဲ့လုပ်ငန်းတာဝန်တွေဟာ အဆင့်မြင့်ပညာဥပဒေအောက်မှာ အများကြီးဆက်နွယ်နေပါတယ်။ ဒီတက္ကသိုလ်အသီးသီးရဲ့ ပဋိညာဉ်စာတမ်းပြည့်စုံစွာ မဆောင်ရွက်နိုင်သေးတဲ့အချက်ကလည်း ဒီအမျိုးသားပညာရေးဥပဒေဖြစ်တဲ့ Sectorial law အဆင့်မြင့်ပညာဥပဒေပေါ်ထွန်းမှုနဲ့ ဆက်သွယ်နေပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ အကယ်၍ ပဋိညာဉ်စာတမ်းကို မူကြမ်းပြုစုပြီးရင် ဆရာများ၊ ကျောင်းသူကျောင်းသားများ၊ နောက် ဒေသအလိုက် မြို့မိမြို့ဖများ၊ ကျောင်းသားသမဂ္ဂများ၊ အလွှာစုံ၊ နယ်ပယ်စုံကို ချပြဆွေးနွေးပြီးမှ အတည်ပြုဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ဒီအချိန်ကာလနှင့်စပ်လျဉ်းလို့ကတော့ ဒီ တစ်နှစ်၊ နှစ်နှစ် တင်ပြမယ့်အစားလုပ်ငန်းစဉ်အဆင့်ဆင့် Step by Step တော့ ကျွန်တော် ရိုသေစွာ တင်ပြလို့ရပါတယ်။ အချိန်ဘယ်လောက်လဲဆိုတာတော့ ကျွန်တော်တင်ပြပါအချက်များအပေါ် မူတည်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်ခုနကတင်ပြတဲ့ ကျောင်းသားသမဂ္ဂဆောက်လုပ်ခြင်းကတော့ အခုလာမယ့်ဘတ်ဂျက်မှာ ဘတ်ဂျက်ထည့်သွင်းလျာထားပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ ဖြေကြားပေးတဲ့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က တင်သွင်းသည့် ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း၊ နမ္မတူနှင့် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တို့တွင် KIA, MNDAA နှင့် TNLA ပူးပေါင်းအဖွဲ့တို့မှ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်၊ မိုင်းထောင်မှု၊ ဖျက်ဆီးမှု၊ ဗုံးခွဲမှုများကြောင့် အပြစ်မဲ့ပြည်သူများသေကျေခြင်း၊ ဒဏ်ရာရခြင်းနှင့် အိုးအိမ်စွန့်ခွာ စစ်ပြေးဒုက္ခသည်ဘဝ ရောက်ခြင်းနှင့် နိုင်ငံ၏ အချုပ်အခြာတည်မြဲမှု၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အား ထိခိုက်စေခြင်းတို့ကို လွှတ်တော်မှစိုးရိမ်ကြောင်း အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့(၂၉-၁၁-၂၀၁၆ ရက်နေ့)မှာ တင်သွင်းတဲ့ ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း၊ နမ္မတူနှင့် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တို့တွင် KIA, MNDAA နှင့် TNLA ပူးပေါင်းအဖွဲ့တို့မှ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်၊ မိုင်းထောင်မှု၊ ဖျက်ဆီးမှု၊ ဗုံးခွဲမှုများကြောင့် အပြစ်မဲ့ပြည်သူများ သေကြေခြင်း၊ ဒဏ်ရာရခြင်းနှင့် အိုးအိမ်စွန့်ခွာစစ်ပြေးဒုက္ခသည်ဘဝရောက်ခြင်းနှင့် နိုင်ငံ၏ အချုပ်အခြာတည်မြဲမှု၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အား ထိခိုက်စေခြင်းတို့ကို လွှတ်တော်မှစိုးရိမ်ကြောင်း အရေးကြီးအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၂ ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စည်သူ(လှိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာပြီးတော့ နှလုံးစိတ်ဝမ်းငြိမ်းချမ်း ငြိမ်းချမ်းပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်မကတော့ ကယားပြည်နယ်၊ လှိုင်ကော် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူဖြစ်ပါတယ်။ မိတ္ထီလာ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းရဲ့ ရှမ်းပြည်နယ်အရှေ့မြောက် ဒေသမှာ KIA, MNDAA နဲ့ TNLA ပူးပေါင်းအဖွဲ့တို့မှ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်မှုများ

ကြောင့် အပြစ်မဲ့ပြည်သူများ သေကြေခြင်း၊ ဒဏ်ရာရခြင်း၊ အိုးအိမ်စွန့်ခွာစစ်ပြေးရခြင်း၊ ဒုက္ခသည် ဘ၀ ရောက်ခြင်းနှင့် နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ် အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းဖြစ်စဉ်အား ထိခိုက်စေခြင်းတို့ကို လွှတ်တော်က စိုးရိမ်ကြောင်း အဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ လူမှုအဖွဲ့အစည်းတိုင်း၊ နိုင်ငံတိုင်းမှာ ရည်မှန်းချက်ပန်းတိုင်တွေရှိပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ ရည်မှန်းချက်ပန်းတိုင်အမြင့်ဆုံးထဲကတစ်ခုကို ပြောရမယ်ဆိုလို့ရှိရင် ငြိမ်းချမ်းရေး ရရှိရေးပဲ ဖြစ်ပါတယ်။ ပြည်သူလူထုများ အတူတကွ ယှဉ်တွဲနေထိုင်မှု၊ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှု နှင့် ထိပ်တိုက်ရင်ဆိုင်အင်အားသုံးမှုများမှ ကင်းဝေးမှုများဟာ ငြိမ်းချမ်းရေးရဲ့ အနှစ်သာရ ဖြစ်ပါတယ်။ လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှု၊ သွေးစည်းမှု၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၊ နွေးထွေး စွာ တွေ့ဆုံဆွေးနွေးမှုများဟာလည်း လူသားအားလုံးရဲ့ လိုအပ်ချက်ဖြစ်ပါတယ်။ ပဋိပက္ခနဲ့ ပတ်သက်တဲ့ သဘောထားတွေကို သုံးသပ်ရမယ်ဆိုရင် အမြင်ကျဉ်းမြောင်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ ထိမ်ချန်ခြင်း၊ မှန်ကန်စွာအချင်းချင်း အသိပေးမှုမရှိခြင်း၊ အင်အားသုံးဖြေရှင်းခြင်း၊ အနိုင်ကျင့်ခြင်း၊ ခွဲခြားဆက်ဆံ ခြင်း၊ တယူသန်ခြင်း၊ လူမျိုးကြီးဝါဒကျင့်သုံးခြင်းတို့ကြောင့် ဖြစ်ပါတယ်။ ဒါတွေ ရှောင်ပါမှ ပဋိပက္ခ ဖြစ်ခြင်းကို ရှောင်နိုင်မှာဖြစ်ပါတယ်ရှင်။ ငြိမ်းချမ်းရေးရဖို့ ပဋိပက္ခဖြေရှင်းရာမှာ လူသားဆန်မှု၊ သည်းခံခွင့်လွှတ်မှု၊ လူ့ဂုဏ်သိက္ခာတန်ဖိုးထားမှု၊ ရိုးသားမှု၊ အပြန်အလှန်လေးစားမှုတို့ လိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၆ ခုနှစ်၊ နို၀င်ဘာလ ၂၄ ရက်နေ့မှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနရဲ့ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီ ကြေညာချက်ရဲ့ အပိုဒ်(၇)မှာ ရှမ်းပြည်နယ်အရှေ့မြောက်ဖက်မှာ ဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခ များ အမြန်ဆုံးငြိမ်းချမ်းနိုင်ရေးအတွက် နိုင်ငံတော်အစိုးရရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အမြန်ဆုံး ပါဝင်နိုင်ရေးနှင့် NCA မှာ အမြန်ဆုံးလက်မှတ်ထိုးဖို့ ဖိတ်ခေါ်တိုက်တွန်းထားတာ တွေ့ရပါတယ်။ ဒါကြောင့် NCA မှာ လာရောက်ပြီး လက်မှတ်မထိုးနိုင်သေးတဲ့ အကြောင်းတရားကို အမြန်ဆုံးရှာဖွေဖို့ လိုအပ်လာပါတယ်ရှင်။ အဖြေမှန်ရနိုင်ဖို့အတွက် ဒီဖြစ်စဉ်နဲ့ပါဝင်ပတ်သက်သူအားလုံးနှင့် သက်ဆိုင် လာပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီပတ်သက်ပါဝင်နေတဲ့အဖွဲ့အစည်းတွေ၊ အဖွဲ့ဝင်တွေနဲ့ ဝန်ထမ်းများအားလုံ ဟာ (၁) ရိုးသားမှုရှိရမှာက အဓိကဖြစ်ပါတယ်။ (၂) အမှန်တကယ်ငြိမ်းချမ်းရေး ရလိုခံစားစိတ်(Sense of Security) ရှိဖို့လည်း လိုအပ်ပါတယ်။ (၃) NCA မှာ လက်မှတ်လာမထိုးနိုင်သေးတဲ့ အကြောင်းရင်း

**မူကြမ်း**

ကို ရှာဖို့နဲ့ လာရောက်ပြီး အမြန်ဆုံးလက်မှတ်ထိုးနိုင်ဖို့အတွက် အမြန်ဆုံးတိုက်ရိုက်နဖူးတွေ့ ဒူးတွေ့ ဆွေးနွေးဖို့ လိုအပ်လာပါတယ်။ နောက်ဆုံးအဆင့်အနေနဲ့ လိုအပ်လာမယ်ဆိုလို့ရှိရင် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)ရဲ့ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နဲ့ တိုက်ရိုက်တွေ့ဆုံနိုင်အောင် ချဉ်းကပ်ပြီး ၎င်းထံမှာ NCA လက်မှတ်ရေးထိုးခြင်းနှင့် ငြိမ်းချမ်းရေး ရရှိအောင် အမြန်ဆုံးလုပ်ဆောင်စေလိုပါကြောင်း အကြံပြုတိုက်တွန်းအပ်ပါတယ်ရှင်။ ဒါမှ အပြစ်မဲ့ ပြည်သူများ အထက်ပါလက်နက်ကိုင်ပဋိပက္ခဘေးရဲ့နောက်ဆက်တွဲဒုက္ခအသီးသီးမှ ကင်းဝေးနိုင်မှာ ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှာ ကျင်းပမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံဒုတိယအစည်းအဝေးကိုလည်း တန်းတူရည်တူ ပါဝင်နိုင်ပြီး ငြိမ်းချမ်းရေးခရီးကို အတူလက်တွဲ လျှောက်လှမ်းနိုင်ပါစေလို့ ဆုတောင်းရင်း ဒေါက်တာမောင်သင်းရဲ့ အရေးပေါ်အဆိုကို ဆွေးနွေးအကြံပြုလိုက်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစောထွန်းမြအောင်(ဖာပွန်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က တင်သွင်းတဲ့ ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း၊ နမ္မတူနှင့် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တို့တွင် KIA, MNDAA,TNLA ပူးပေါင်းအဖွဲ့မှ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်၊ မိုင်းထောင်မှု၊ ဖျက်ဆီးမှု၊ ဗုံးခွဲမှုများကြောင့် အပြစ်မဲ့ပြည်သူများ သေကြေခြင်း၊ ဒဏ်ရာရခြင်းနှင့် အိုးအိမ်စွန့်ခွာစစ်ပြေးဒုက္ခသည်ဘဝရောက်ခြင်းနှင့် နိုင်ငံ၏အချုပ်အခြာတည်မြဲမှု၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တို့အား ထိခိုက်ခြင်းတို့ကို လွှတ်တော်မှစိုးရိမ်ကြောင်းအရေးကြီးအဆိုကို ဒို့တာဝန်အရေး သုံးပါးကို ဦးထိပ်ထားပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဒို့တာဝန်အရေးသုံးပါးထဲက တစ်ပါးပါးထိန်းမနိုင်ဘူးဆိုရင် မြန်မာနိုင်ငံဆိုတဲ့ဝေါဟာရဟာ ကမ္ဘာမြေပြင်ပေါ်မှာ ပျောက်သွားနိုင်ပါတယ်။ ကမ္ဘာမှာ သာဓကလည်းရှိခဲ့ဖူးပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဋိပက္ခ

ဖြစ်စဉ်မှာ အပြစ်မဲ့ပြည်သူ ၁၄ ဦးသေဆုံးပြီး၊ ၅၀ ဦး ဒဏ်ရာရရှိခဲ့တဲ့အတွက် စိုးရိမ်မိပါကြောင်း တင်ပြလိုပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် လွှတ်တော်သက်တမ်းမှာ အပစ်အခတ်ရပ်စဲရေးစာချုပ်အား တိုင်းရင်းသားလက်နက်ကိုင်ရှစ်ဖွဲ့မှ ပါဝင်လက်မှတ်ထိုးခဲ့ပါတယ်။ အဲဒီအဖွဲ့ထဲမှာ KIA က ပါဝင်လက်မှတ်ထိုးခြင်း မရှိပါဘူး။ ဒါပေမဲ့ ဆွေးနွေးပွဲတော့ ပြီးအောင်တက်ခဲ့ပါတယ်။ ဒုတိယအကြိမ် ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ ပြန်ဖွဲ့စည်းတဲ့အခါမှာလည်း ငြိမ်းချမ်းရေးကော်မတီအဖွဲ့ဝင်များနှင့် KIA ခေါင်းဆောင်တွေက ရင်းရင်းနှီးနှီးဆက်ဆံတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ယခုပဋိပက္ခဖြစ်စဉ်မှာ လက်အောက်ခံလက်နက်ကိုင်အဖွဲ့များ၊ လူထုအတွင်း ပစ်ခတ်မှုမဖြစ်သင့်ကြောင်း ပြောဆိုညွှန်ကြားသင့်ပါတယ်။ ငြိမ်းချမ်းရေးကော်မရှင်နှင့် ပူးတွဲစောင့်ကြည့်ရေးအဖွဲ့များကလည်း ဒါတွေကို တိုင်ကြားပြောဆိုသင့်ပါတယ်။ ဒုတိယအချက်အနေနဲ့ တင်ပြလိုတာကတော့ လူထုဗဟိုပြုအဖွဲ့အစည်းတွေက အရပ်ဘက်ကို လက်နက်နဲ့ပစ်ခတ်တိုက်ခိုက်မှုကို ကျန်တဲ့လက်နက်ကိုင်အဖွဲ့များကို မလုပ်ဆောင်ဖို့ကို ဒါတွေဟာလည်း ဟန့်တားသင့်ပါတယ်။ တတိယအချက်တင်ပြချင်တာကတော့ လက်မှတ်ထိုးရန်ကျန်သေးတဲ့အဖွဲ့များကိုလည်း လာမည့်ဆွေးနွေးပွဲစားပွဲဝိုင်းမှာ ဝင်ရောက်ပါဝင်စေပြီး ငြိမ်းချမ်းရေးအတွက် အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးသင့်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလက်နက်ကိုင်များအနေနဲ့ အပစ်အခတ်ရပ်စဲရေးလက်မှတ်မထိုးသမျှ ငြိမ်းချမ်းရေးဆိုတာ မရနိုင်ပါဘူး။ ငြိမ်းချမ်းရေးမရနိုင်သမျှ ကျွန်တော်တို့တိုင်းရင်းသားတွေလိုလားနေတဲ့ Federal Democracy ကိုလည်း မတည်ဆောက်နိုင်ပါဘူး။ ဒါကြောင့်မို့လို့ ကျန်တဲ့လက်နက်ကိုင်အဖွဲ့ဝင်များကို အထူးလိုအပ်ပါကြောင်း တင်ပြလိုပါတယ်။ ကျန်တဲ့လက်နက်ကိုင်အဖွဲ့ဝင်များ ပါဝင်မှုမရှိလျှင် ငြိမ်းချမ်းရေးပျက်ပြားမှာကိုလည်း ကျွန်တော်တို့စိုးရိမ်ပါတယ်။ ဒါကြောင့်မို့လို့ မိတ္ထီလာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းတင်သွင်းသွားတဲ့ ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း၊ နမ္မတူနှင့် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် KIA, MNDAA, TNLA ပူးပေါင်းအဖွဲ့မှ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်၊ မိုင်းထောင်မှု၊ ဖျက်ဆီးမှု၊ ဗုံးခွဲမှုများကြောင့် အပြစ်မဲ့ပြည်သူများ သေကြေခြင်း၊ ဒဏ်ရာရခြင်းနှင့် အိုးအိမ်စွန့်ခွာစစ်ပြေးဒုက္ခသည်ဘဝရောက်ခြင်း၊ နိုင်ငံရဲ့အချုပ်အခြာအာဏာတည်မြဲမှု၊ တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အား ထိခိုက်ခြင်းတို့ကို လွှတ်တော်မှစိုးရိမ်ကြောင်းအရေးကြီးအဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဖရူဆိုမဲဆန္ဒနယ်မှ ဦးပဲ့ဒူ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးပဲ့ဒူ(ဖရူဆိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကျန်းမာချမ်းသာကြပါစေ။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဖရူဆိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးပဲ့ဒူဖြစ်ပြီး မိတ္ထီလာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းရဲ့ အရေးကြီးအဆိုကို ကျွန်တော့်ရဲ့အမြင်နဲ့ သုံးသပ်ခြင်းကို ဆွေးနွေးသွားမှာပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ ဖြစ်ပျက်နေတဲ့ လက်နက်ကိုင်အနိုင်ကျင့်အကြမ်းဖက်မှု နဲ့ လက်နက်ကိုင်ပဋိပက္ခအားလုံးဟာ ပင်လုံညီလာခံရဲ့ ကတိကဝတ်ကို လိုက်နာမှုအားနည်းခြင်းမှ မြစ်ဖျားခံလာတဲ့ ရေစီးကြောင်းတစ်ခုလို့ မြင်မိပါတယ်။ လက်နက်ကိုင်ပဋိပက္ခကြောင့် ပြည်သူတွေရဲ့ ဘဝဟာ မုန်တိုင်းထံပြီးလှိုင်းလုံးကြီးတဲ့ ပင်လယ်ပြင်ကြီးလိုခက်ထန်ခဲ့ရတယ်။ မညီညာတဲ့ခရောင်း လမ်းလို ကြမ်းတမ်းခဲ့ရတယ်။ မအောင်မြင်တဲ့ စစ်မြေပြင်ကြီးလို ခြောက်ခြားခဲ့ရတယ်။ အဲဒါတွေဟာ ဒုက္ခဆင်းရဲချောက်ကမ်းပါးထဲမှာကျရောက်နေတဲ့ ပြည်သူတွေရဲ့ဘဝအစစ်အမှန်ပါပဲခင်ဗျား။ ဒုက္ခ ဆင်းရဲချောက်ကမ်းပါးထဲမှာ ကျရောက်နေတဲ့ ပြည်သူတွေရဲ့ငိုသံ၊ ပြည်သူတွေရဲ့ရှိုက်သံ၊ ပြည်သူတွေ ရဲ့ညည်းသံ၊ ပြည်သူတွေရဲ့အော်သံ၊ ပြည်သူတွေရဲ့ကြောက်လန့်သံနဲ့ ကယ်တင်ရှင်ကို တမ်းတနေတဲ့ ပြည်သူတွေရဲ့မြည်တမ်းသံဟာ နားထောင်လို့ကောင်းတဲ့တေးသီချင်းတစ်ပုဒ်မဟုတ်ပါဘူး။ အခုအချိန် မှာ ပြည်သူတွေဟာ မုန်တိုင်းထံပြီး လေပွေနှောင်းအပြီးမှာ လေပြေလေညှင်းလေနုအေးနဲ့အတူ ပန်းရနံ့သင်းများကို ရှူရှိုက်လိုတာ ပြည်သူတွေရဲ့အိပ်မက်။ ခက်ထန်ခြင်း၊ ကြမ်းတမ်းခြင်း၊ ချောက်ချား ခြင်းဆိုတဲ့ဘဝကို ကျော်လွှားချင်တာက ပြည်သူတွေရဲ့ဆန္ဒဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုအချိန်မှာ ပြည်သူတွေကို ဗဟိုပြုပြီးတော့မှ ဒီမိုကရေစီစနစ်နဲ့ ဒီမိုကရေစီလမ်းစဉ်ကို ချီတက်နေတယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒီမိုကရေစီခရီးစဉ်ကို ချီတက်တဲ့နေရာမှာ ဒီမိုကရေစီခရီးလမ်းဟာ အင်မတန်မှ ကျဉ်းမြောင်းပြီး အကွေ့အကောက်များလှပါတယ်။ လမ်းရဲ့တစ်ဖက်တစ်ချက်မှာ ကြည့်မယ်ဆိုပြန်တော့လည်းပဲ အသူရာချောက်ကမ်ပါးတွေကလည်း ကြောက်ခမန်းလိလိပါပဲ။ လမ်း ပေါ်မှာ ကျပြန်တော့လည်း ချိုင့်တွေ၊ ခွက်တွေ၊ ဆူးတွေ၊ ခဲတွေ၊ ခလုတ်၊ ကန်သင်းတွေနဲ့ မိမိတို့ သွားနေတဲ့ လမ်းရဲ့ရှေ့တည့်တည့်တူရူကိုကြည့်မယ်ဆိုပြန်တော့လည်းပဲ တံတားအိုကြီးက ခနော်ခနဲ့။ ဒီတံတားအိုကြီးကို သတိကြီးစွာနဲ့ ကျော်ဖြတ်ကာစရှိသေးတယ်၊ ကံဆိုးချင်တော့ လေပြင်းတိုက်လို့ လမ်းဘေးသစ်ပင်၊ လမ်းလယ်ခေါင်ကို ကန့်လန့်ဖြတ်လဲကျနေပြန်တယ်။ ယာဉ်ပေါ်မှာပါလာတဲ့ပုဂ္ဂိုလ်

တွေကလည်းပဲ ဒေါသမုန်ယိုပြီး ဆူကြ၊ ပူကြ၊ အော်ကြ၊ ဟစ်ကြ၊ ဆဲကြ၊ ဆိုကြပြန်ပါတယ်။ အမှန်ဖြစ်စေတာကတော့ ယာဉ်ကို ဦးဆောင်မောင်းနှင်လာတဲ့ ဒရိုင်ဘာကို ဝိုင်းဝန်းပြီးတော့မှ အပြစ်တင်နေမဲ့အစား ယာဉ်ပေါ်မှာ ဖိနပ်စီးပြီးတော့မှ လမ်းလယ်ကသစ်ပင်ကိုလမ်းဘေးရောက်အောင် ဝိုင်းလို့တွန်းပို့သင့်ပါတယ်။ မြန်မာနိုင်ငံရဲ့ အနာဂတ်နိုင်ငံရေးကို တည်ဆောက်တဲ့နေရာမှာ မတူညီကွဲပြားမှုတွေကို ဘေးဖယ်ထားပြီး တူညီတဲ့ ဘုံခေါင်းစဉ်နှင့်အတူတကွ ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ သို့မှသာလျှင် ပြည်သူတွေမျှော်မှန်းထားတဲ့ ပြဟ္မစိုရ်တရားထွန်းကားပြီး သာယာဝပြောတဲ့ ဒီမိုကရေစီပန်းတိုင်ကို ရောက်ရှိသွားမှာပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ ကံကြမ္မာဟာ မြန်မာနိုင်ငံသားပေါ်မှာ တည်မှီနေတဲ့အတွက် မြန်မာနိုင်ငံသားတွေရဲ့ စိတ်ရင်းစိတ်ဓာတ်နှင့် အရည်အချင်းတွေကိုလည်း အနည်းငယ်ဖော်ပြလိုပါတယ်။ မြန်မာနိုင်ငံသားတွေဟာ မည့်ကြောင်း၊ အင်မတန်တော်ကြောင်း၊ အရည်အချင်းကောင်းများကို ပိုင်ဆိုင်ကြောင်း သို့သော် (၁) မစ္ဆရိယစိတ်ရှိခြင်း၊ (၂) စိုးရိမ်စိတ်ကြီးခြင်း၊ (၃) သံသယစိတ်ပွားများခြင်းနဲ့ (၄) အာဃာတထားရှိခြင်းတို့ဟာ အထက်ပါအရည်အချင်းကောင်းများကို အနုတ်လက္ခဏာဖြစ်စေတယ်လို့ ပညာရှင်အချို့က သုံးသပ်ထားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်တွင်းငြိမ်းချမ်းရေးမရရတဲ့အကြောင်းအရင်းဟာ အထက်ပါအကြောင်းအရာနဲ့ ငြိစွန်းမှုရှိ/မရှိ ဆိုတာသုံးသပ်ရမှာပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့အချိန်မှာ ပြည်သူတွေအလိုလားဆုံးနဲ့ ပြည်သူတွေဆာလောင်မွတ်သိပ်ဆုံးအရာဟာ ပြည်တွင်းငြိမ်းချမ်းရေးဆိုတာ ဘယ်သူမှငြင်းကွယ်လို့မရပါဘူး။ ဒီလိုအကြမ်းဖက်ကိစ္စနဲ့ တစ်ဖက်နှင့်တစ်ဖက်တိုက်ပွဲဆင်နွှဲနေတာဟာ ပြည်သူတွေရဲ့ဆန္ဒကို မျက်ကွယ်ပြုသလို ပြည်သူတွေကို မထီမဲ့မြင်ပြုနေတယ်ဆိုတာ သုံးသပ်ရမှာပဲဖြစ်ပါတယ်။ ပြည်သူတွေကို ဗဟိုပြုပြီး ပြည်သူတွေကို လေးစားကာ ပြည်သူတွေရဲ့ဆန္ဒနှင့် လိုလားချက်ကို အကောင်အထည်ဖော်ဆောင်မယ်ဆိုရင်တော့ မည်သူတစ်ဦးတစ်ယောက်မျှ တိုက်တွန်းခြင်းမပါဘဲနဲ့ မိမိတို့ကိုယ်တိုင် အပစ်အခတ်ရပ်ဆဲပြီး စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို အရယူပေးဖို့ မေတ္တာရပ်ခံ တိုက်တွန်းလိုပါတယ်ခင်ဗျား။ ငြိမ်းချမ်းရေးဟာ အဝေးမှာ မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးဟာ ဘယ်ကိုမှလဲ မထွက်ပြေးသွားပါဘူး။ ငြိမ်းချမ်းရေးကို သေနတ်နဲ့ ပစ်ဖမ်းယူလို့လည်း မရပါဘူး။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ (ဩဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းရဲ့ အရေးကြီးအဆိုကို အပြုသဘောနဲ့ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အရေးကြီးအဆိုမှာတင်ပြထားတဲ့ ပစ်ခတ်မှု၊ တိုက်ခိုက်မှု၊ မိုင်းထောင်မှု၊ ဗုံးခွဲမှု၊ ဖျက်ဆီးမှုများကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ စစ်ရှောင်ရခြင်းနှင့် လူမှုစီးပွားဘဝ ပျက်ပြားပြီး အတိဒုက္ခရောက်ခဲ့ကြရတဲ့ထဲမှာ ကျွန်တော့်ရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ သိန္နီမြို့လည်း ပါဝင်ပါတယ်။ သိန္နီမြို့မှာ ၂၀-၁၁-၂၀၁၆ ရက်နေ့ နံနက် ၁၀ နာရီခွဲအချိန်က ယာဉ်အမှတ် 9F-6481 ကားတစ်စီးကို နမ္မတူတံတားပေါ်မှာ ဗုံးဖောက်ခွဲခဲ့ရာ တံတားကြီးရဲ့ကြမ်းခင်း ၁၀ ပေ ၆ ပေခန့် ပေါက်ပြဲပြီး တံတားလက်ရမ်းပါ ပျက်စီးသွားခဲ့ပါတယ်။ ထိုသို့ပေါက်ကွဲစဉ် တံတားပေါ်ဖြတ်သန်းသွားလာနေသူ အရပ်သားသုံးဦးအား ဗုံးစများ ထိမှန်ခဲ့ပါတယ်။ ၎င်းတို့သုံးဦးကတော့ ဦးထွန်းအေး (၅၃)နှစ် ရှမ်း၊ ဗုဒ္ဓဘာသာ၊ ကောင်းဟော်ကျေးရွာ၊ သူကတော့ ယာပါးဘက်၊ ဝဲဘက်လက်မောင်းနဲ့ ပေါင်နှစ်ဖက်စလုံး ပေါက်ပြဲဒဏ်ရာရရှိပြီး ဝဲဘက်ခြေကျင်းဝတ်အရိုးကျိုးသွားခဲ့ပါ တယ်။ နောက်တစ်ယောက်က နန်းဝင်းမျိုးနိုင် ရှမ်း၊ ဗုဒ္ဓဘာသာဖြစ်ပါတယ်။ အသက်(၃၉)နှစ် ခ.မ.ရ ၂၄၀ မှာနေပါတယ်။ သူကတော့ ဝဲဘက်ခြေသလုံးနဲ့ ကျောဝဲ၊ ယာပေါက်ပြဲဒဏ်ရာရခဲ့ပါတယ်။ နောက်တစ်ယောက်က ဇွဲထက်ကို ဖြစ်ပါတယ်။ သူက (၂၄)နှစ်၊ ဗမာ/ဗုဒ္ဓဘာသာ၊ ရပ်ကွက်(၁)မှာနေပါတယ်။ မြန်မာ့ဩဘာကုမ္ပဏီဝန်ထမ်းဖြစ်ပါတယ်။ သူကတော့ ဦးခေါင်း၊ နောက်စေ့၊ ကျောယာဘက်နဲ့ ညာဘက်လက်မောင်းမှာ ပေါက်ပြဲဒဏ်ရာရရှိပြီး ယာဘက်တံတောင်ဆစ်ရိုးကျိုးသွားခဲ့ပါတယ်။ ဒီဖြစ်စဉ်နောက်ပိုင်းမှာ ယာဉ်အသွားအလာများ ရပ်တန့်သွားခဲ့ပါတယ်။ ပြည်သူလူထုကြားမှာလည်းပဲ အလားတူဖြစ်ရပ်မျိုးထပ်ဖြစ်ဦးမလားဆိုတဲ့ သံသယစိတ်နဲ့ယနေ့ထက်တိုင် စိုးရိမ်ပူပန်နေရပါတယ်။ စိုးရိမ်တဲ့အတိုင်းလည်း လက်တွေ့ဘဝမှာ ဟိုနေရာဗုံးကွဲလိုက်၊ ဒီနေရာဗုံးကွဲလိုက်နဲ့မို့ အများပြည်သူရဲ့ ဘဝလုံခြုံရေးဟာ အာမခံချက်မရှိတော့သလို ခံစားနေရပါတယ်။ တရားဥပဒေစိုးမိုးမှုလုံးဝလျော့ပါးနေပါတယ်။ ပစ်ခတ်တိုက်ခိုက်မှုရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကြောင့် လမ်းပမ်းဆက်သွယ်ရေးပြတ်တောက်တာ၊ ကုန်စည်ကူးသန်းမှု နှောင့်နှေးကြန့်ကြာတဲ့ဆိုင်းတာအပြင် လူမှုဘဝအကုန်လုံး

အဆိုးဘက်ကို ဦးတည် နေပါတယ်။ ဒီလိုဖြစ်ရခြင်းရဲ့အခြေခံအရင်းအမြစ်ကို မှန်မှန်ကန်ကန် ချဉ်းကပ်လေ့လာဆန်းစစ်ဖို့ လိုအပ်ပါတယ်။ ဒါဟာ နှစ်ပေါင်း ဆယ်ချီဖြစ်ပျက်ခဲ့တဲ့ နိုင်ငံရေးဆိုင်ရာ ပဋိပက္ခက မြစ်ဖျားခံလာခဲ့တာပဲ ဖြစ်ပါတယ်။ နိုင်ငံရေးပဋိပက္ခကို နိုင်ငံရေးနည်းလမ်းနဲ့ တွေ့ဆုံ ဆွေးနွေးစားပွဲဝိုင်းမှာ စုပေါင်းအဖြေရှာဖို့ လိုအပ်ပါတယ်။ မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းမဆို ပြည်သူလူထုကို ဓားစာခံအလား ခုတုံးထားပြီး မိမိရဲ့အဖွဲ့အစည်း အကျိုးစီးပွားအတွက် အဖြေရှာ ခြင်းကို ကျွန်တော်တို့ ရှုံ့ချရပါလိမ့်မယ်။ အပြစ်မဲ့ပြည်သူတွေကို ထိခိုက်သေကြေစေတဲ့လုပ်ရပ် အားလုံးကို ဆန့်ကျင်ကန့်ကွက်ရမှာဖြစ် ကြောင်း ဒေါက်တာမောင်သင်းရဲ့ အရေးကြီးအဆိုကို ကျွန်တော့်ရဲ့မဲဆန္ဒနယ်မှ အများပြည်သူလူထုကိုယ်စား စာနာခံစားပြီး ဆွေးနွေးတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်သန်းငွေ(တောင်ကြီးမဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါ။ မိတ္ထီလာ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းရဲ့ အရေးကြီးအဆိုနဲ့ ပတ်သက် ပြီး တောင်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါက်တာဒေါ်သန်းငွေက အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင်။ အရေးကြီးအဆိုမှာပါတဲ့ အဓိက အချက်ဖြစ်တဲ့ ရှမ်းပြည်နယ်အရှေ့မြောက်ဒေသမှာဖြစ်သွားခဲ့တဲ့ တိုက်ပွဲများကြောင့် အပြစ်မဲ့ပြည်သူ များ သေကြေခြင်း၊ ဒဏ်ရာရခြင်းနှင့် အိုးအိမ်စွန့်ခွာ စစ်ပြေးဒုက္ခသည်ဖြစ်ပေါ်စေမှု၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမှု၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တို့အား ထိခိုက်စေခြင်းတို့ကို လွှတ်တော်မှစိုးရိမ်ကြောင်းဆိုတဲ့ အဆိုရဲ့ရည်ရွယ်ချက် အပေါ်မှာ ကြိုဆိုပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဘယ်အကြောင်းကြောင့်မဆို စစ်ဖြစ်တယ်ဆိုလာရင်တော့ ဒီလိုစိုးရိမ်မှုတွေပေါ်လာမှာကတော့ ဓမ္မတာဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ လွှတ်တော်က စိုးရိမ်သလို ပြည်သူတစ်ရပ်လုံးကလည်း စိုးရိမ်ကြပါတယ်။ မြန်မာနိုင်ငံရဲ့လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာတဲ့ ပြည်တွင်းစစ်သက်တမ်းဟာ နှစ် ၇၀ နီးပါးရှိပြီဖြစ်တာကြောင့် ကမ္ဘာမှာသက်တမ်း အရင့်ဆုံး ပြည်တွင်းစစ်လို့တောင် မှတ်တမ်းတင်နိုင်မယ့် အခြေအနေဖြစ်ပါတယ်။ ကမ္ဘာမှာအရှည် ကြာဆုံး ပြည်တွင်းစစ် နိဂုံးချုပ်ခဲ့ပြီလို့ မီဒီယာတွေကရေးသားခဲ့ကြတဲ့ ကိုလံဘီယာပြည်တွင်း စစ်တောင်မှ ၁၉၆၄ ခုနှစ်ကစတင်ပြီး ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့မှာ အပစ်ရပ်လက်မှတ်

ရေးထိုးခဲ့တာကြောင့် ၅၂ နှစ်မျှသာ ကြာရှည်ခဲ့ပါတယ်။ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ တစ်နိုင်ငံလုံးနှင့်ဆိုင်ကြောင်း၊ ယင်းကို တစ်တိုင်းပြည်လုံးရဲ့ ဖွံ့ဖြိုးတိုးတက်မှု လို့လည်း ပြောလို့ရတဲ့အကြောင်း၊ စည်းလုံးညီညွတ်မှုနဲ့ တည်ငြိမ်မှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုရနိုင်မှာ မဟုတ်ကြောင်း နိုဝင်ဘာလ ၂၈ ရက် နေ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီညှိနှိုင်းအစည်းအဝေးမှာ ကျွန်မတို့ရဲ့ နိုင်ငံတော်၏အတိုင် ပင်ခံပုဂ္ဂိုလ်က အဖွင့်မိန့်ခွန်းမှာ အခုလို အလေးထားပြောကြားခဲ့သလို ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဗဟိုဌာနရဲ့ ၂၃-၁၁-၂၀၁၆ ရက်စွဲပါကြေညာချက်အမှတ် (၁/၂၀၁၆) အပိုဒ် (၇) မှာလည်း သို့ဖြစ်၍ ရှမ်းပြည်နယ်အရှေ့မြောက် ဒေသတွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများ အမြန်ဆုံးချုပ်ငြိမ်းနိုင်ရေးအတွက် နိုင်ငံတော် အစိုးရ၏ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမြန်ဆုံးပါဝင်နိုင်ရေး၊ NCA တွင် အမြန်ဆုံးလက်မှတ်ရေးထိုးပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ NCA လက်မှတ်ရေးထိုးပြီးနောက် နှစ်ဦးနှစ်ဖက်ချိုးဖောက်မှုများ မရှိ စေရေးအတွက် စောင့်ကြည့်ဖြေရှင်းသည့်ယန္တရားများ ပိုမိုခိုင်မာစေရန်အတွက် အရပ်ဘက်အဖွဲ့ အစည်းများနှင့်အတူ ဝိုင်းဝန်းဆွေးနွေးနည်းလမ်းရှာဖွေရေး၊ ပြည်သူအများမျှော်လင့်တောင့်တနေသော ငြိမ်းချမ်းရေးပန်းတိုင်ကို အရောက်လှမ်းနိုင်ရေး၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ကျင်းပမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ပင်လုံ ဒုတိယအစည်းအဝေးတွင် တန်းတူရည်တူပါဝင်နိုင်ရေး စသည်တို့ကို ရှေးရှုလျက် ငြိမ်းချမ်းရေးခရီးကို အတူတကွလက်တွဲ၍ လျှောက်လှမ်းပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်လို့ ကျွန်မတို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာနဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က လက်မှတ်ရေးထိုးထုတ်ပြန်ထားတာကိုလည်း ဒီနေရာမှာ ပြန်လည်တင်ပြလိုက်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက်ဆိုရင် သက်ဆိုင်တဲ့အဖွဲ့အစည်းအတွင်း ဘက်တစ်ခုခုက အခြားတစ်ဘက်ကို အပြစ်တင်ဝေဖန် သက်တူ့ချနေရုံနဲ့ မပြေလည်နိုင်တာကို အလေးအနက် သတိပြုကြရမှာဖြစ်ပါတယ်။ အပြန်အလှန် ယုံကြည်မှု၊ နားလည်မှု၊ စိတ်ရင်းစေတနာမှန်ကန်စွာနဲ့ နိုင်ငံတော်ရဲ့ရေရှည်အကျိုးကို ဦးတည်ပြီး ဘက်ပေါင်းစုံပါဝင်တဲ့ ဆွေးနွေးညှိနှိုင်းမှုများ အောင်မြင်စွာပြုလုပ်နိုင်ရေးသာ တစ်ခု တည်းသောနည်းလမ်း ဖြစ်တဲ့အတွက် မည်သည့်ဘက်၊ မည်သည့်အဖွဲ့အစည်းတွေသာ တာဝန်ရှိတယ် ဆိုတဲ့သဘောထားမျိုးဟာ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အကျိုးဖြစ်ထွန်းစေနိုင်မှာ မဟုတ်ဘူးဆိုတာ

ကိုလည်း လွှတ်တော်နှင့်တကွ ကိုယ်စားလှယ်များ အလေးအနက်ထားသုံးသပ်သင့်ကြောင်း အကြံပြု ဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ တကယ်တော့ ငြိမ်းချမ်းရေးကို တပ်မတော်သားများအပါအဝင် လက်နက်ကိုင်အင်အားစုများကလည်း တန်ဖိုးထားလိုလားကြောင်း ပြောဆိုတင်ပြနေပါတယ်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ပြည်သူများကလည်း မျှော်လင့်နေကြသလို အဆက်ဆက်သောအစိုးရများကလည်း နည်းပေါင်းစုံနည်းဟန်အမျိုးမျိုးနဲ့ချဉ်းကပ်ပြီးဖြေရှင်းဖို့ ကြိုးစားနေခဲ့ကြတာပါ။ လက်ရှိအစိုးရသစ်လက်ထက်မှာလည်း (၂၁) ရာစုပင်လုံမှာငြိမ်းချမ်းရေးမှတစ်ဆင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေးကို မျှော်မှန်းထားပါတယ်။ တပ်မတော်ဘက်အနေနဲ့ကလည်း မြန်မာ့နိုင်ငံရေးကနေ တပ်မတော်ထွက်ခွာဖို့ ပြည်တွင်းငြိမ်းချမ်းရေးအပေါ်မှာ တည်တယ်ဆိုတာကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် ထုတ်ဖော်ပြောကြားပြီး ဖြစ်ပါတယ်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ ညှိနှိုင်းမဖြေရှင်းနိုင်တဲ့အတွက် မတတ်သာတဲ့အဆုံး လက်နက်ကိုင်ပြီး စစ်ရေးနည်းလမ်းကိုရွေးချယ်ခဲ့ရတယ်ဆိုတဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေအတွက် နိုင်ငံရေးဆွေးနွေးပွဲကြီးစတင်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေချိန်လည်း ဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ထောင်ရေးအတွက် တိုင်းရင်းသားအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်သွားမယ့် (၂၁) ရာစု ဒုတိယပင်လုံကို ဦးတည်နေတဲ့အချိန်မှာ လတ်တလောဖြစ်ပေါ်နေတဲ့ ရှမ်းပြည်နယ် အရှေ့မြောက်ဒေသအတွင်း လက်နက်ကိုင်ပဋိပက္ခများအတွက် လွှတ်တော်ကြီးက စိုးရိမ်ကြောင်းဆိုတာကို အငြင်းပွားစရာမရှိပေမဲ့ ဒီလိုအခြေအနေတွေဟာ ဘယ်အဖွဲ့အစည်းကြောင့်၊ ဘယ်သူတွေကြောင့် ဖြစ်ရတယ်ဆိုတဲ့ ဒီပြုမူမျိုး သက်ရောက်သွားမယ်ဆိုပါက လွှတ်တော်ကြီးကိုယ်တိုင်က တစ်ဖက်ဖက်ကို ဘက်လိုက်တယ်လို့။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဦးလှစော(မြောက်ဦးမဲဆန္ဒနယ်)**။ ။ အားလုံးကိုလေးစားပါတယ်။ ကျွန်တော်က ဒေါက်တာမောင်သင်းရဲ့အဆိုကို ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးအမြင်နဲ့ ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ ကျွန်တော်ပြောလိုတာက ညီနောင်အချင်းချင်းစစ်ခင်းရတဲ့ပွဲမှာ ကျဆုံးသွားတဲ့ တပ်မတော်အရာရှိရဲဘော်များ၊ တိုင်းရင်းသားလက်နက်ကိုင်ရဲဘော်များ၊

ခေါင်းဆောင်များအတွက် မိသားစုများလို ဝမ်းနည်းကြေကွဲရပါကြောင်းကို ကျွန်တော်ပြောကြားလိုပါတယ်။ ပြည်တွင်းစစ်ကြောင့် အိုးအိမ်ပစ်ကာ ဒုက္ခသည်စခန်းများထဲမှာ ဆင်းဆင်းရဲရဲရောက်နေရတဲ့ အပြစ်မဲ့တိုင်းရင်းသားပြည်သူများအတွက် စဉ်းစားမိတိုင်း စိတ်နှလုံးမချမ်းမသာဖြစ်ရကြောင်းလို့လည်း ပြောလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့လပိုင်းက ရခိုင်ပြည်နယ် မြန်မာနိုင်ငံရဲ့အနောက်ဘက်မှာ အကြမ်းဖက်ဘင်္ဂါလီတွေကြောင့် အမျိုးသားလုံခြုံရေးကို ထိခိုက်လာတယ်၊ အချုပ်အခြာအာဏာကို ထိခိုက်လာတဲ့အတွက်ကြောင့်မို့လို့ အရေးပေါ်အဆိုတစ်ခုတင်ခဲ့တာ မအောင်မြင်ခဲ့ပါဘူး။ အခု ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းမှာ တိုင်းရင်းသားမဟာမိတ်တွေရဲ့ စစ်ရေးလှုပ်ရှားမှုကြောင့် စိတ်မချမ်းမြေ့စရာတွေဖြစ်လာပြီး အရေးကြီးအဆိုပေါ်ခဲ့ပါတယ်။ တကယ်တော့ ဒီစစ်ပွဲနှစ်ခုဟာ အနှစ်သာရမတူပါဘူး။ ပထမစစ်ပွဲဟာ ကျွန်တော်တို့ ပြည်ထောင်စုနယ်မြေကို ဖဲ့ယူဖို့အတွက် အင်မတန်ကြောက်ဖို့ကောင်းတဲ့စစ်ပွဲကြီး ဖြစ်ပါတယ်။ ဒုတိယစစ်ပွဲဟာ ကျွန်တော်တို့ ညီနောင်အချင်းချင်း ယုံကြည်မှုပျက်ပြားပြီး အမုန်းတရားတွေ အာဃာတတွေနဲ့ ပေါ်လာတဲ့ စစ်ပွဲပါ။ ကချင် KIA ဟာ NCA ဖြစ်ပေါ်လာတဲ့အထိ ငြိမ်းချမ်းစာချုပ်ဖြစ်စဉ်ထဲမှာ ပါဝင်ခဲ့ပါတယ်။ ဒုတိယညီလာခံကိုလည်း တက်ခဲ့ပါတယ်။ ကချင်တွေဟာ ပြည်ထောင်စုကခွဲထွက်ပြီး ဝန်ပေါင်သမ္မတနိုင်ငံထောင်ဖို့အတွက် လက်နက်ကိုင်နေတာလည်းမဟုတ်ဘူးလို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ထိုနည်းၚင်း ကျွန်တော်တို ရခိုင်တပ်မတော်(AA)ဟာလည်း ရခိုင်သမ္မတနိုင်ငံထောင်ဖို့အတွက် တိုက်နေတာမဟုတ်ပါဘူး။ ရှမ်းတွေလည်း ရှမ်းအင်ပါယာထောင်ဖို့တိုက်နေတာ မဟုတ်ပါဘူး။ ဒီလူတွေဟာ တန်းတူတဲ့ချစ်ကြည်စည်းလုံးတဲ့ပြည်ထောင်စုကြီးကို တည်ဆောက်ချင်တဲ့လူတွေပါ။

**ဥက္ကဋ္ဌ**။ ။ ဒီအရေးကြီးအဆိုပေါ်မှာ ဦးဦးလှစော။ ဟုတ်ပါတယ်။ ကျွန်တော်ပြောတော့ မလို့ပါ။ ထိုင်ပါ။ ဦးဦးလှစော ဒီအရေးကြီးအဆိုပေါ်မှာပဲ ဆွေးနွေးပါ။ လွှတ်တော်က မပေါ်လာတဲ့ အဆိုပေါ်မှာ ဒီလိုနှိုင်းယှဉ်ပြီး ဆွေးနွေးလို့အခြေအနေချင်းမတူပါဘူး။ ဒါက မပေါ်လာတာ လွှတ်တော် ဥက္ကဋ္ဌရဲ့လုပ်ပိုင်ခွင့်နဲ့ဆုံးဖြတ်ထားတဲ့ ကိစ္စပါ။ ဒီအရေးကြီးအဆိုပေါ်မှာ ဆွေးနွေးမယ်ဆိုရင် ကျွန်တော်ခွင့်ပြုမယ်။ ဒီအရေးကြီးအဆိုပေါ်မှာ မဆွေးနွေးဘူး ပြီးခဲ့တဲ့ကိစ္စတွေပေါ်မှာ လိုက်ဆွေးနွေးမယ်ဆိုရင် ကျွန်တော်ခွင့်မပြုဘူး။ အဲဒါ ဦးဦးလှစော အခုတည်းက ကျွန်တော်ပြောထားပါတယ်။

**ဦးဦးလှစော(ပြောက်ဦးမဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့တိုင်းရင်းသားတွေဟာ ဆုံးရှုံးတဲ့ အခွင့်အရေးတွေ သယံဇာတအရင်းအမြစ်တွေ ရရှိပြီးတော့ ဖက်ဒရယ်နိုင်ငံတည်ဆောက်ဖို့ စိတ်အား ထက်သန်နေတဲ့လူတွေ ဖြစ်ပါတယ်။ နိုင်ငံရေးပြဿနာကို စစ်ရေးနည်းလမ်းဖြင့် ဖြေရှင်းလို့မရပါဘူး။ Political Dialogue ဆိုတာ ဒီမိုကရေစီယဉ်ကျေးမှုဖြစ်ပါတယ်။ ဦးသိန်းစိန်အစိုးရလက်ထက်မှာ ငြိမ်းချမ်းရေးဖိတ်ခေါ်ပြီးတော့ တိုင်းရင်းသားအကုန်လုံးရောက်ရှိလာကြပါတယ်။ ဝန်ကြီးဦးအောင်မင်း ဦးဆောင်တဲ့ MPC အဖွဲ့နှင့် သိမ်မွေ့ခက်ခဲနက်နဲတဲ့ပြဿနာတွေကို ကျော်လွှားပြီး NCA မွေးဖွားလာခဲ့ ပါတယ်။ အားလုံးပါဝင်ရေးမှုကို ကိုင်ဆွဲခဲ့ပေမယ့် ရခိုင်၊ ပလောင်စတဲ့အဖွဲ့တွေပေါ်မှာ ဖိတ်ခေါ်ခြင်း၊ ခွဲခြား ဆက်ဆံခြင်းရှိတဲ့အတွက်ကြောင့် အဖွဲ့ပေါင်းစုံလက်မှတ်ထိုးမှုဟာ ဝမ်းနည်းစွာပဲကျွန်တော်တို့ ရပ်ဆိုင်းခဲ့ရပါတယ်။ ကျွန်တော်တို့ ဒုတိယပင်လုံကိုလည်း လက်မှတ်မထိုးတဲ့အဖွဲ့တွေကော၊ ထိုးတဲ့အဖွဲ့တွေကော လာရောက်ပေမယ့် တချို့အဖွဲ့တွေဟာ တက်ရောက်နိုင်ခွင့်မရှိခဲ့ကြပါဘူး။ အဲဒီတော့ အခုအချိန်မှာ ကျွန်တော်တို့ ညီလာခံကိုတက်ရောက်ခဲ့တဲ့ အဲဒီ KIA အဖွဲ့တွေဟာ ညီလာခံကိုမတက်ရောက်ခဲ့တဲ့ ရခိုင်တွေ၊ ပလောင်တွေနဲ့ပူးပေါင်းပြီးတော့ ဝမ်းနည်းဖွယ်ရာ စစ်ပွဲကြီးဖြစ်လာခဲ့ပါတယ်။ စစ်ပွဲဖြစ်တဲ့ အခါမှာ ပထမဆုံးကျဆုံးသူဟာ အမှန်တရားပဲဖြစ်ပါတယ်။ စစ်မြေပြင်မှာ တိုက်ပွဲတွေဖြစ်နေတဲ့ တောင်တန်းတွေပေါ်မှာ အမှန်တရားဆိုတာ မရှိတော့ပါဘူး။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ညီနောင်ချင်းစစ်ပွဲတွေကိုရပ်ဖို့၊ ညီနောင်အားလုံးကို စားပွဲဝိုင်းဆီမှာ ဆွေးနွေးဖိတ်ခေါ်ဖို့၊ NCA ကိုတစ်ပြိုင်တည်းလက်မှတ်ထိုးကြဖို့၊ ပင်လုံညီလာခံမှတစ်ဆင့် ကျွန်တော် တို့ တည်ဆောက်ချင်တဲ့ ဖက်ဒရယ်နိုင်ငံ သစ်ကို ဝိုင်းဝန်းညှိနှိုင်းအဖြေရှာဖို့လိုအပ်တယ်လို့ ကျွန်တော် တို့ ခံစားမိပါတယ်။ ငြိမ်းချမ်းရေး မဖော်ဆောင်နိုင်ဘဲ ညီနောင်အချင်းချင်းသတ်တဲ့စစ်ပွဲတွေနဲ့သာ ဆက်သွားနေမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ အင်မတန်ဝမ်းနည်းကြေကွဲစွာနဲ့ fascist ကို ဦးတည်သွားမယ်လို့ ကျွန်တော်တို့ ရင်ထဲမှာ အဲဒီလို ခံစားနေရပါတယ်။ ကျွန်တော်တို့ လွှတ်တော်ထဲမှာ စိုးရိမ်ကြောင့်ကြမှုတွေကတစ်ဆင့် ကနေပြီးတော့ ဒီစိုးရိမ်ကြောင့်ကြမှုတွေဟာ ထာရဝပျောက်ကွယ်ဖို့ အတွက် ကျွန်တော်တို့အားလုံး လက်နက်ကိုင်အဖွဲ့တွေရော၊ ပြည်သူတွေအားလုံးမှာ ကျွန်တော်တို့ အားလုံးမှာ တာဝန်ရှိတယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။ အထူးသဖြင့် Political Supermacy နဲ့ Administrative Supremacy ကို တစ်လျှောက်လုံးရလာတဲ့ မြန်မာပြည်ရဲ့ ပြည်သူ့ ခေါင်းဆောင်တွေ ကျွန်တော်တို့ သမိုင်းမှာချန်ထားလို့မရတဲ့ တပ်မတော်ရဲ့ခေါင်းဆောင်တွေဟာ သဘောထားကြီးကြီး အမြင်ကြီးမှုနှင့် ဒီညီနောင်တိုင်းရင်းသားတွေပေါ်မှာ နွေးနွေးထွေးထွေး

ဖိတ်ခေါ်ပြီးတော့ ငြိမ်းချမ်းရေးလမ်းကြောင်းကို ချီတက်ဖို့လိုတယ်လို့ ကျွန်တော်တို့ ခံစားရပါတယ်။ ညီနောင်အချင်းချင်းသတ်ကြတဲ့စစ်ပွဲမှာ တစ်ဖက်နှင့်တစ်ဖက် ဝေဖန်ပြစ်တင်မှုတွေနှင့် ကျွန်တော်တို့ဟာ အဖြေမထွက်နိုင်တဲ့အကြောင်းကိုလည်း ကျွန်တော် ဒီနေရာမှာ အလေးအနက်ပြောကြားလိုပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ အမြန်ဆုံးဖြစ်ပါစေလို့ပဲ ဆုတောင်းပါတယ်။ လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးခိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးမျိုးခိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးခိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းရဲ့ အရေးကြီးအဆိုအပေါ် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလက်ရှိ ရှမ်းပြည်နယ်(အရှေ့မြောက်ပိုင်း)မှာ ဖြစ်ပွားလျက်ရှိတဲ့ KIA၊ MNDAA၊ TNLA နှင့် AA ပူးပေါင်းအဖွဲ့များက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြတဲ့ တပ်မတော်တပ်စခန်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများကို စခန်းသိမ်းတိုက်ပွဲများဖြင့် ဝင်ရောက်တိုက်ခိုက်ခြင်း၊ နှောင့်ယှက်ပစ်ခတ်ခြင်း၊ အပြစ်မဲ့ပြည်သူလူထုအပေါ် ဥပဒေမဲ့ သတ်ဖြတ်ကျူးလွန်ခြင်း၊ လမ်းတံတားများနှင့် အများပြည်သူပိုင်ပစ္စည်းများကို မိုင်းထောင်ဖောက်ခွဲခြင်းနှင့် လုယက်ဖောက်ထွင်းခြင်း စတဲ့ဥပဒေမဲ့လုပ်ရပ်များ ဆောင်ရွက်လျက်ရှိနေတာကို အားလုံးကြားသိပြီးဖြစ်ပါတယ်။ ယင်းတို့လုပ်ဆောင်ခြင်းဟာ Geneva Convention Article 3 နှင့် Article 4 တို့ကို ချိုးဖောက်ကျူးလွန်ရာရောက်ပါတယ်။ ဒီအခြေအနေတွေဟာ ပြည်သူတွေရဲ့အသက်၊ အိုးအိမ်၊ စည်းစိမ်၊ ဥစ္စာတွေကို ကြီးမားစွာ ထိပါးနှောင့်ယှက် အန္တရာယ်ပြုတဲ့အခြေအနေဖြစ်တဲ့အတွက် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ မိမိတို့တပ်မတော်အနေဖြင့်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အခန်း(၁) ပုဒ်မ ၂၀ ပုဒ်မခွဲ(င)နှင့် အခန်း(၇) ပုဒ်မ ၃၄၁၊ ၃၃၉ အရ ဒို့တာဝန်အရေးသုံးပါး ကာကွယ်စောင့်ရှောက်ရန်အပါအဝင် နိုင်ငံတော်၏ ပြည်တွင်းပြည်ပအန္တရာယ်များမှ ကာကွယ်ရေးနှင့် ဘေးန္တရာယ်များကျရောက်လာလျှင် တပ်မတော်က ကူညီဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းပါရှိတဲ့အတိုင်း အစိုးရ၊ ပြည်သူလူထုတို့နှင့်ပူးပေါင်းပြီး မိမိနိုင်ငံ၊ နိုင်ငံသားများရဲ့အကျိုးစီးပွားအတွက် နယ်မြေတည်ငြိမ်အေးချမ်းအောင် ဥပဒေနှင့်အညီ ဆက်လက်ကာကွယ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မူကြမ်း**

ယခုလိုဆောင်ရွက်ရာမှာ တပ်မတော်အနေနဲ့ နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ထိခိုက်မှုမရှိစေရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် တပ်မတော်ရဲ့သဘောထားကို တင်ပြလိုပါတယ်။

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် တစ်နိုင်ငံလုံး အပစ်အခတ်တိုက်ခိုက်မှု ရပ်ဆဲရေးသဘောတူစာချုပ် (NCA) ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့က နိုင်ငံတော်အစိုးရနှင့် သဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်သလို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် ကျင်းပခဲ့ပြီး လက်မှတ်ရေးထိုးရန် အဆင်သင့်မဖြစ်သေးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး ပါဝင်နိုင်ရေးကိုလည်း ဥပဒေနှင့်အညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ကျွန်တော်တို့ တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးကို မဖြစ်မနေရယူလိုတဲ့စိတ်အပေါ် အရင်းခံကာ စိတ်ရှည်သည်းခံလျက် ခိုင်ခိုင်မာမာရပ်တည်ဆောင်ရွက်လျက်ရှိပါတယ်။ ဒို့တာဝန်အရေးသုံးပါးအပေါ် အခြေခံပြီး နိုင်ငံ့ရဲ့ ပကတိလိုအပ်ချက်ဖြစ်တဲ့ တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ သုံးရပ်အပေါ်မှာရပ်တည်ပြီး အဖွဲ့အစည်းမျိုးစုံနဲ့ လက်တွဲပူးပေါင်းလုပ်ဆောင်နေတာကိုလည်း အားလုံးအသိပဲဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ချမှတ်ထားတဲ့ လုပ်ငန်းရပ်များအောင်မြင်ဖို့ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အစွမ်းကုန်ဆောင်ရွက်သွားမှာဖြစ်ပြီး ဖြစ်နိုင်သည်များအားလုံးကိုလည်း ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တပ်မတော်က ချမှတ်ထားတဲ့ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဟာ ဖြတ်သန်းခဲ့ရတဲ့ အတိတ်သမိုင်းကြောင်းတစ်လျှောက်မှာ တွေ့ကြုံသိမြင်ခဲ့ရတာတွေကို လက်ရှိ အခြေအနေတွေနဲ့ယှဉ်ပြီး သုံးသပ်ဖော်ထုတ်ထားတာဖြစ်လို့ ထာဝရငြိမ်းချမ်းရေးလိုလားသူတိုင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတိုင်းက လိုက်နာလုပ်ဆောင်ရမယ့်လုပ်ငန်းစဉ်များပဲဖြစ်ပါတယ်။

နောင်ဆက်လက်ကျင်းပမယ့် ငြိမ်းချမ်းရေးညီလာခံများမှာလည်း အပြန်အလှန်ညှိနှိုင်းပြီးမှ သဘောတူရေးဆွဲထားတဲ့ NCA စာချုပ်ပါ အချက်အလက်များအပေါ်မှာပဲ အခြေခံမှုဖြင့် ခိုင်ခိုင်မာမာရပ်တည်ပြီး ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ တပ်မတော်အနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရရဲ့ဦးဆောင်မှုဖြင့် ဥပဒေဘောင်အတွင်းက စိတ်ရှည်သည်းခံလျက်တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အမျိုးသားပြန်လည်သင့်မြတ်ရေးသို့ဦးတည်ပြီး စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် တပ်မတော်ရဲ့ငြိမ်းချမ်းရေးမူ

(၆)ရပ်နှင့်အညီ လက်မှတ်ရေးထိုးရန် အဆင်သင့်မဖြစ်သေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများကို အမြဲတမ်းလက်ကမ်းကြိုလျက်ရှိပါတယ်။ မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရ သည်မှာ နှစ်ပေါင်း ၇၀ နီးပါးဖြစ်သော်လည်း အလုံးစုံတိုးတက်မှုမရှိသေးပါ။ နိုင်ငံရေးစနစ် မတည်ငြိမ်ခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခများရှိနေခြင်းကြောင့် ဖြစ်ပါတယ်။ သို့ဖြစ်၍ လက်ရှိ မိမိတို့လျှောက်လှမ်းနေတဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်း တည်ငြိမ်ရေး၊ ခိုင်မာရေးအတွက် တပ်မတော်က ပါဝင်ဆောင်ရွက်နေရခြင်းဖြစ်ပြီးတော့ ယခုလိုအခြေအနေမျိုးရောက်အောင် တပ်မတော်အနေဖြင့် ပေးဆပ်မှုများစွာနှင့် ကြိုးစားတာဖြစ်တဲ့အတွက် မိမိတို့လျှောက်လှမ်းနေတဲ့ လမ်းကြောင်းအား မည်သည့်နည်းနဲ့မှ အပျက်အစီးမခံနိုင်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာ ပါတီစုံဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ် ခိုင်မာစွာထူထောင်နိုင်ရန် ဒီမိုကရေစီယဉ်ကျေးမှုနှင့် ကျင့်စဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းခဲ့ရာမှ ယခုဆိုလျှင် ဒုတိယငါးနှစ်သက်တမ်းကို ရောက်ရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့် လည်း လိုအပ်ချက်များ နိုင်ငံရေးလမ်းကြောင်းဖြစ်တဲ့ အစိုးရ၊ လွှတ်တော်လမ်းကြောင်းများကသာ ဒီမိုကရေစီနည်းလမ်းကျ တောင်းဆိုရမှာဖြစ်ပါတယ်။ ဒီလိုဒီမိုကရေစီနည်းလမ်းတကျ လုပ်ကိုင် ဆောင်ရွက်နေတဲ့အခြေအနေအချိန်အခါမျိုးမှာ လက်နက်စွဲကိုင်ပြီး မိမိတို့လိုချင်တာတောင်းဆိုခြင်း၊ လက်နက်ကိုင်လမ်းစဉ်ကိုဖက်တွယ်ပြီး လူမျိုးစွဲ၊ ဒေသစွဲ၊ ဝါဒစွဲများဖြင့် မိမိတို့၏ ဆန္ဒများကိုသာ ဦးစားပေးဖော်ဆောင်နေခြင်းများဟာ ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်ဖြစ်နေတာကို အလေးအနက် သတိပြုရမှာဖြစ်ပါတယ်။ မိမိတို့လျှောက်လှမ်းနေတဲ့ ဒီမိုကရေစီလမ်းကြောင်းဟာ ပြည်သူများရဲ့ ဆန္ဒနှင့်အညီ ရွေးချယ်လျှောက်လှမ်းခြင်းဖြစ်၍ တည်တည်ငြိမ်ငြိမ်နဲ့ ခိုင်ခိုင်မာမာလိုအပ်ပါတယ်။ လက်ရှိအခြေအနေတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာလုပ်ဆောင်ရန် များစွာရှိနေပါတယ်။ ဒီမိုကရေစီစနစ်ကို လက်ခံပါက၊ ခိုင်မြဲစေလိုပါက လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ တရားဥပဒေလိုက်နာရေး၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ရေးများဟာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအပါအဝင် ပြည်သူတစ်ရပ်လုံးက အလေးထား ဆောင်ရွက်ရမယ့်ကိစ္စများဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်တွင်းထာဝစဉ်ငြိမ်းချမ်းရေး ဆက်စပ်ပြီး တပ်မတော်ရဲ့သဘောထားအမြင်ကို တင်ပြရင်း စစ်ရေးပစ်မှတ်မဟုတ်တဲ့ အပြစ်မဲ့ပြည်သူ များ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်နဲ့ လမ်းပန်းဆက်သွယ်မှုများကို နှောင့်ယှက်ထိပါးနေတဲ့ KIA ၊ MNDAA ၊ TNLA ၊ AA ပူးပေါင်းအဖွဲ့များရဲ့ ဆိုးရွားရက်စက်တဲ့ဆောင်ရွက်ချက်များအပေါ် ပြည်သူ့လွှတ်တော်

သို့တင်သွင်းတဲ့ ဒေါက်တာမောင်သင်းရဲ့အရေးကြီးအဆိုအား လေးနက်စွာထောက်ခံကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ (ခ) ဒေါ်ရှားမီး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်အေးအေးမူ (ခ) ဒေါ်ရှားမီး(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်မကတော့ ကလေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ (ခ) ဒေါ်ရှားမီး ဖြစ်ပါတယ်ရှင့်။ ၂၉-၁၁-၂၀၁၆ ရက်နေ့က မိတ္ထီလာမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း တင်သွင်းထားတဲ့ ရှမ်းပြည်နယ်(အရှေ့မြောက်ဒေသ)၊ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း၊ နမ္မတူနဲ့ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တို့တွင် KIA ၊ MNDAA နဲ့ TNLA ပူးပေါင်းအဖွဲ့တို့မှ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်မိုင်းထောင်မှု၊ ဖျက်ဆီးမှုနှင့် ဗုံးခွဲမှုများကြောင့် အပြစ်မဲ့ပြည်သူများ သေကျေခြင်း၊ ဒဏ်ရာရနေခြင်းနှင့် အိုးအိမ်များအား စွန့်ခွာ၍ စစ်ပြေးဒုက္ခသည်ဘဝ ရောက်ခြင်းနှင့် နိုင်ငံရဲ့ အချုပ်အခြာတည်မြဲမှု၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အား ထိခိုက်စေခြင်းတို့ကို လွှတ်တော်မှ စိုးရိမ်ကြောင်း အရေးကြီးအဆို တင်သွင်းထားမှုအပေါ် အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ နိုင်ငံတစ်နံ့တစ်လျား ပြတ်ပြတ်သားသားထောက်ခံမှုနဲ့ NLD အစိုးရသစ်တက်လာတဲ့ အချိန်ကတည်းက အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးရရှိဖို့အတွက် မူဝါဒတစ်ခုချမှတ်ကာ တစ်စိုက်မတ်မတ်ဆောင်ရွက်ခဲ့ကြတယ်ဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ အစိုးရသစ်အနေနဲ့ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန NRPC ကို ဖွဲ့စည်းခဲ့ပြီး အနာဂတ်ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံကို ကျင်းပနိုင်ရေးဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှ စက်တင်ဘာလ ၃ ရက်နေ့အထိ နေပြည်တော်မှာကျင်းပခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ ပထမအစည်းအဝေးကြီးကို ကျင်းပနိုင်ခဲ့ပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် (NCA) တွင် ပါဝင်လက်မှတ်ထိုးထားပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသာမကဘဲနဲ့ လက်မှတ်ရေးထိုးထားခြင်း မရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများပါ တန်းတူပါဝင်လာခဲ့ကြသည့်ပြင် စာတမ်းများ

အသီးသီးဖတ်ကြား တင်သွင်းနိုင်ခဲ့ကြပြီး အစိုးရသစ်အနေနဲ့ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခဲ့တာကို မျက်ဝါးထင်ထင် တွေ့ရှိရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အစိုးရသစ်အနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ ပထမအစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်းမှာ ကျင်းပတော့မယ့် ဒုတိယအကြိမ် အစည်းအဝေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနဲ့ အရပ်ဘက်အဖွဲ့အစည်းများနှင့်အတူ ပြင်ဆင်ဆောင်ရွက်ကြိုးစားနေကြတဲ့အချိန်ဖြစ်ပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်ဦးဆောင်နေတဲ့ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ၊ ဒေါက်တာဦးတင်မျိုးဝင်း ဦးဆောင်တဲ့ ညှိနှိုင်းရေးအဖွဲ့နဲ့ စောင့်ကြည့်ရေးအဖွဲ့များရဲ့ ငြိမ်းချမ်းရေးတည်ဆောက်နေတဲ့ လုပ်ငန်းစဉ်များမှာ နိုင်ငံသူနိုင်ငံသားများအားလုံး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ အထူးသဖြင့် တိုင်းရင်းသားများကိုကိုယ်စားပြုတဲ့ အရွေးချယ်ခံကိုယ်စားလှယ်များအားလုံး ပါဝင်ကြိုးစားဆောင်ရွက်ကြဖို့ အထူးလိုအပ်နေတယ်ဆိုတာကိုလည်း ကျွန်မဒီနေရာကနေ တိုက်တွန်းလိုပါတယ်။ NCA လက်မှတ်ထိုးထားခြင်းမရှိသေးတဲ့ လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့်လည်း ယခုကဲ့သို့ နိုင်ငံရေးအရ ဆွေးနွေးပွဲများကျင်းပနေတဲ့အချိန်အခါမှာ နိုင်ငံရေးအရ ဝင်ရောက်ဆွေးနွေး၊ ညှိနှိုင်းကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ နိုင်ငံရေးအရ တွေ့ဆုံညှိနှိုင်းဖြေရှင်းခြင်းနည်းလမ်းမှန်ပေါ် လျှောက်လှမ်းပြီဆိုတာနဲ့ ဒေသခံတိုင်းရင်းသားများနှင့်အတူ ပြည်သူတစ်ရပ်လုံးကပါ ဝမ်းပန်းတသာထောက်ခံကြိုဆိုကြမယ်ဆိုတာ မြေကြီးလက်ခတ်မလွဲ ယုံကြည်မိပါတယ်။ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးတဲ့ လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် NCA တွင် အားလုံးအတူပါဝင်ပြီး ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံဖွံ့ဖြိုးရေး၊ အနာဂတ်ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတို့မှာ အတူတကွပူးပေါင်းဆောင်ရွက်ကြဖို့၊ ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ကြဖို့ အထူးပင်တိုက်တွန်းအပ်ပါတယ်ရှင့်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြားခဲ့သလို ပဋိပက္ခဆိုတာ ရင်ထဲကလာတာဖြစ်တဲ့ အတွက် ပဋိပက္ခမဖြစ်ချင်တဲ့စိတ်ရှိဖို့ အထူးလိုအပ်ပါတယ်။ အစိုးရနှင့် ပြည်သူလူထုတစ်ရပ်လုံး၊ လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးနှင့် လူမှုအဖွဲ့အစည်းများအားလုံးအတွက် ခိုင်မာပြတ်သားပြီး လုံခြုံမှုရှိတဲ့ဥပဒေရှိဖို့လည်း အထူးလိုအပ်နေပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ငြိမ်းချမ်းမှုမရှိတဲ့နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ နိမ့်ကျနေတယ်ဆိုတာ အထူးပြောစရာမလိုဘဲ လက်တွေ့ခံစားနေရဆဲဖြစ်ပါတယ်။ စစ်ပွဲနှင့် ပဋိပက္ခမှန်သမျှ ပေါ်ပေါက်လာရခြင်း

အကြောင်းအရင်းဟာ ခွဲခြားဆက်ဆံမှု၊ တန်းတူညီမျှမှုမရှိခြင်း၊ ဥပဒေရဲ့အကာအကွယ်မရှိခြင်းမှ တစ်ဆင့် သိမ်ငယ်ခြင်း၊ အစွန်းရောက်စိတ်ဖြစ်ခြင်းများ ဖြစ်ပေါ်စေပါတယ်။ ပြဿနာရဲ့အရင်းအမြစ်ကိုအဖြေရှာပြီး လက်တွေ့ကျကျဖြေရှင်းတတ်တဲ့ အရည်အချင်း၊ စိတ်ရင်းစေတနာရှိဖို့ အထူးလိုအပ်နေပါပြီ။ ပြဿနာကို ရိုးသားစွာဝန်ခံညှိနှိုင်းလိုခြင်း၊ ပြဿနာကို မကြောက်ဘဲ လက်နက်အကာအကွယ်မယူဘဲနဲ့ သတ္တိရှိရှိ မျှမျှတတ စဉ်းစားတွေးခေါ် အဖြေရှာကြရမယ့်အချိန်လည်း ဖြစ်ပါ တယ်။ နိဂုံးချုပ်အနေဖြင့် ကျွန်မတို့နိုင်ငံကို တည်ငြိမ်ဖွံ့ဖြိုးတဲ့နိုင်ငံဖြစ်ဖို့အတွက် (၂၁)ရာစုပင်လုံ ညီလာခံကို ပြည်ထောင်စုအစိုးရမှ ဖော်ဆောင်နေတဲ့အချိန်မှာ နက်ရှိုင်းတဲ့အတွေးအမြင်၊ ငြိမ်းချမ်းလို တဲ့စိတ်၊ ပြည်သူလူထုအပေါ်မှာ တကယ်မေတ္တာထားတဲ့စိတ်၊ အစွန်းမရောက်တဲ့စိတ်တွေနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်ရန် အားလုံးပူးပေါင်းပါဝင်ကြိုးစားအားထုတ်ကြပါစို့လို့ ပြောကြားရင်းနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း တင်သွင်းတဲ့အရေးကြီးအဆိုအား လွှတ်တော်မှ မှတ်တမ်းအဖြစ်ထားရှိပေးပါရန် အကြံပြုဆွေးနွေးအပ်ပါတယ်ရှင့်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးလမာနော်အောင်(အင်ဂျန်းယန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလမာနော်အောင် ဖြစ်ပါတယ်။ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း၏ လွှတ်တော်မှစိုးရိမ်ကြောင်းအဆိုနှင့်ပတ်သက်ပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ပြည်တွင်းစစ်ဖြစ်နေသည်မှာနှစ်ပေါင်း ၆၀ ကျော်ရှိနေပြီး ယခုအထိ ငြိမ်းချမ်းမှုမရရှိဘဲ ရှိနေဆဲဖြစ်နေပါသည်။ ဤနှစ်ပေါင်း ၆၀ ကျော်ကာလအတွင်း လူ့အသက်ပေါင်းမြောက်များစွာ၊ ခြေလက်အင်္ဂါမြောက်များစွာနဲ့ တိုင်းပြည်ဘဏ္ဍာငွေမြောက်များစွာဆုံးရှုံးခဲ့ရပြီး ဖြစ်ပါသည်။ ကျွန်တော်တို့ ကချင်ပြည်နယ်သည်လည်း ပြည်တွင်းစစ်ဒဏ်ကိုနှစ်ပေါင်း ၅၀ ကျော်ခံနေရပါသည်။ ၂၀၁၁ ခုနှစ်မှပြန်လည်ဖြစ်ပွားခဲ့သော စစ်ပွဲကြောင့် ကချင်ပြည်နယ်တွင် စစ်ရှောင်ဒုက္ခသည် ၁၂၀၀၀၀ ကျော်ရှိနေကြောင်းလည်း သိရှိရပါသည်။ သူတို့အတွက်လည်း ကိုယ်စားလှယ်တော်ကြီးများ ကူညီပံ့ပိုးပေးနိုင်ရန် မေတ္တာရပ်ခံပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ဆိုသည်မှာ မည်သည့်နေရာဒေသတွင်ဖြစ်ပွား သည်ဖြစ်စေ နစ်နာဆုံးရှုံးရသည်မှာ ပြည်သူများနှင့် ရှေ့တန်းစစ်မြေပြင်ရောက်စစ်သားများသာ ဖြစ်ပါ သည်။ စစ်ပွဲ၏ ဒဏ်ကိုကိုယ်တွေ့မကြုံဖူးသူများ စစ်ဒဏ်ကိုမသိရှိနိုင်ပါ။ သနားကြင်နာစိတ်ပေါက် ဖွားလာသောအဆင့်မျှသာ ဖြစ်ပေါ်စေမည်ဟု ယုံကြည်ပါသည်။ ယခုအခါ ကျွန်တော်တို့ ကချင် ပြည်နယ်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံအပြီး နေရာအနှံ့တိုက်ပွဲများ ပိုမို ဖြစ်ပေါ်လာသည်ဟု ပြောနေကြပြီး ပြည်သူများစိုးရိမ်ပူပန်မှုမြင့်မားနေကြောင်း ကြားသိရပါသည်။ ကျွန်တော်တို့ ကချင်ပြည်နယ် ပြည်သူပြည်သားများသည် ငြိမ်းချမ်းရေးတိုးတက်ဖွံ့ဖြိုးရေးကို ရရှိနိုင် ရန် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံမှ ပြည်သူများသည် ကချင်ပြည်နယ်တွင်ဖြစ်ပွားသော တိုက်ပွဲများ ရပ်တန့်ပေးရန်အတွက် ဆန္ဒထုတ်ဖော်ခဲ့ကြောင်းလည်း သိရှိရပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် လက်နက်ငယ်များ သာကိုင်ဆောင်ရာမှ ယနေ့စက်သေနတ်များကိုင်ဆောင်လာခြင်း၊ ယခင်အဖွဲ့ချင်းအလိုက် တိုက်ခိုက်ရာ မှ ယခုအခါမှာ မဟာမိတ်ပြု၍ဖွဲ့၍ မြို့ကြီးများအထိ ဝင်ရောက်တိုက်ခိုက်လာပြီး တိုက်ပွဲပုံစံပြောင်းလဲ လာသည်ကို တွေ့ရှိရသည်မှာ စိုးရိမ်ဖွယ်ဖြစ်လာပါသည်။ ယခုအခါ တပ်မတော်နှင့်လက်နက်ကိုင်အဖွဲ့ အစည်းများ အသုံးပြုလာသော လက်နက်များသည်လည်း ဖျက်ဆီးနိုင်စွမ်းအား ပိုမိုကြီးမားလာသည် ကိုလည်း တွေ့မြင်ရလာသဖြင့် ပြည်သူများ ပျက်စီးဆုံးရှုံးမှုလည်း ပိုမိုကြီးမားလာနိုင်ပါသည်။ စစ်ပွဲဟူ သည်မည်သည့်ဒေသတွင်ဖြစ်စေကာမူ ပြည်သူများသေကြေပျက်စီးရကြောင်း မျက်မြင်ပင်ဖြစ်ပါသည်။ စစ်မက်ဖြစ်ပွားသောဒေသတွင် တရားမျှတမှန်ကန်မှု ကင်းဝေးလာတတ်ပါသည်။ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ မှန်မှန်ကန်ကန်စဉ်းစားတွေးခေါ်နိုင်ရန်လည်း လိုအပ်ပါသည်။ လူများ ၏ သဘောမှာ ဥပမာအားဖြင့် လူသားများတောကောင်ပစ်ခြင်းကို တောလည်ခြင်း၊ တောကစားခြင်းဟု ခေါ်ကြပြီး တောကောင်မှလူကို ရန်မူတိုက်ခိုက်သောအခါ ရက်စက်သည်ဟု သုံးနှုန်းတတ်ကြပါသည်။ အခြေအနေအချိန်အခါပေါ်မူတည်ပြီး မှန်ကန်စွာစဉ်းစားလက်ခံနိုင်ရပါမည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်နက်ဖြင့်တိုက်ခိုက်ပြီး ငြိမ်းချမ်းရေးကိုမရရှိနိုင်ဟု ယုံကြည်ပါသည်။ ညှိနှိုင်းတိုင်ပင်ခြင်းဖြင့်သာ စစ်မှန်သောငြိမ်းချမ်းရေးအဖြေကို ရရှိနိုင်ပါမည်။ အယူအဆ၊ မူဝါဒမတူညီ မှုကိုပင် လက်နက်အားကိုးပြီး မဖြေရှင်းနိုင်။ လက်နက်ဖြင့်ဖြေရှင်းခြင်းသည် မှန်ကန်မှု၊ တရားမျှတမှု အပေါ် အခြေမခံနိုင်။ အင်အားပေါ်တွင်သာ အခြေခံသဖြင့် မမြဲနိုင်ဟု ယုံကြည်ပါသည်။ အယူအဆ ပြောင်းလဲလာအောင် လက်ခံနိုင်အောင် ညှိနှိုင်းအဖြေရှာရမည်ဖြစ်ပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံ

သည့်လူမျိုး၊ ဘာသာစကား၊ ယဉ်ကျေးမှုမတူညီသော တိုင်းရင်းသားများဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုနိုင်ငံဖြစ်ပါသဖြင့် ကွဲပြားမှုအနည်းနှင့်အများ ရှိမည်ဖြစ်ပါသည်။ မတူညီသော လူမျိုး၊ ယဉ်ကျေးမှုအင်အားဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သောကြောင့် မိဘအရာကိုယူထားသော နိုင်ငံတော်ခေါင်းဆောင်များ၊ တပ်မတော်ခေါင်းဆောင်များ သဘောထားကြီး စိတ်ရှည်သည်းခံပြီး ငြိမ်းချမ်းရေးစာပွဲပေါ်တွင် အားလုံးပါဝင်သော အစည်းအဝေးကို အမြန်ဆုံးညှိနှိုင်းဖြေရှင်းပေးပါရန်လည်း မေတ္တာရပ်ခံလိုပါသည်။ ပြည်သူပြည်သားများဘဝအခြေအနေ မြှင့်တင်နိုင်ရေးသည် ငြိမ်းချမ်းရေးပင် ဖြစ်ပါသည်။ ထို့ကြောင့် တိုက်ပွဲကိုပိုမိုမကျယ်ပြန့်၊ မကြီးမားစေရန် တပ်မတော်ခေါင်းဆောင်များ၊ တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များအမြန်ဆုံးတွေ့ဆုံပြီး စစ်ပွဲများရပ်တန့်ကာ ဆွေးနွေးပွဲဆောင်ရွက်ပေးနိုင်ပါရန် ပြည်သူများကိုယ်စား အထူးမေတ္တာရပ်ခံအပ်ပါသည်။ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များမှာလည်း တိုင်းပြည်၏ ငြိမ်းချမ်းရေးအကျိုးပြုနိုင်သော ကိုယ်စားလှယ်များဖြစ်လာစေရန်လည်း အားကိုးစောင့်မျှော်ရင်း ဒေါက်တာမောင်သင်း၏ လွှတ်တော်မှစုံရိမ်ကြောင်းအဆိုကို ဆွေးနွေးအကြံပြုအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးတင်အေး(မက်မန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေး ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့မှာ KIA၊ MNDAA၊ TNLA ပူးပေါင်းအဖွဲ့များဟာ မူဆယ်မြို့နှင့် ကွတ်ခိုင်မြို့နယ်အတွင်းမှာရှိတဲ့ တပ်စခန်းများ၊ ရဲတပ်ဖွဲ့ခန်းများနှင့် ၁၀၅ မိုင်ကုန်သွယ်ရေးစခန်းတို့ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခဲ့တာကို အားလုံးသိရှိပြီးသား ဖြစ်ပါတယ်။ ဒီဖြစ်စဉ်များကြောင့် တပ်မတော်သားများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များအပြင် နိုင်ငံ့ဝန်ထမ်းများ၊ အပြစ်မဲ့ ပြည်သူများကျဆုံးသေဆုံးခဲ့သလို ထိခိုက်ဒဏ်ရာရရှိသူ အများအပြားရှိခဲ့ပါတယ်။ ဒါ့အပြင် လက်နက်ကိုင်အဖွဲ့များဟာ လမ်းတံတားများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်၊ ကိုယ်ပိုင်ယာဉ်များအား အကြောင်းမဲ့ပစ်ခတ်ခြင်း မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် ရက်စက်စွာပစ်ခတ်ခြင်းအစရှိတဲ့ အကြမ်းဖက်ဆန်တဲ့လုပ်ရက်များကို မြင်သာအောင်ကြည့်မယ်ဆိုရင် မြင်နိုင်ပါတယ်။ ဒီဖြစ်စဉ်တွေကို သုံးသပ်ကြည့်မယ်ဆိုရင် တပ်စခန်းများကို သာမန်တိုက်ခိုက်တဲ့အဆင့်ထက် ကျော်လွန်ပြီးတော့ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာနဲ့ နိုင်ငံတော်တည်ငြိမ် ငြိမ်းချမ်းရေးကို ရည်ရွယ်ချက်ရှိရှိ ထိပါးစော်ကားလာတာပဲ ဖြစ်ပါတယ်။ အဆိုပါ ပူးပေါင်းအဖွဲ့ရဲ့ အကြမ်းဖက်

ဆန်ဆန်လုပ်ရပ်တွေကြောင့် ဒေသခံပြည်သူထောင်ပေါင်းများစွာဟာ စစ်ဘေးရှောင်ဒုက္ခသည်ဘဝကို ချက်ချင်းရောက်ရှိသွားပါတယ်။ စီးပွားရေးအရ ကြည့်မယ်ဆိုရင်လည်း နေ့စဥ်ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၀ သန်းခန့် ကုန်သွယ်မှုရှိခဲ့တဲ့ မြန်မာနိုင်ငံရဲ့အကြီးဆုံး နယ်စပ်ကုန်သွယ်ရေးဇုန်ဟာ ဝင်ရောက်လာမည့်ကုန်သွယ်မှုတန်ဖိုးများစွာ ကျဆင်းခဲ့ရတဲ့အတွက် နိုင်ငံအတွက်လည်း အင်မတန်မှ နစ်နာခဲ့ရပါတယ်။ နိုဝင်ဘာလ ၂၀ ရက်နေ့က စတင်ခဲ့တဲ့ ပူးပေါင်းအကြမ်းဖက်သောင်းကျန်းသူ လက်နက်ကိုင်အဖွဲ့ရဲ့ တဖက်သတ်စတင်တိုက်ခိုက်မှုတွေဟာ ယနေ့အထိ သေနတ်သံတွေကို ကြားနေရဆဲပဲ ဖြစ်ပါတယ်။

အထက်ပါလုပ်ရပ်တွေဟာ ဒီမိုကရေစီစစ်စစ်ကို ဖော်ဆောင်နေတဲ့အစိုးရအတွက် နိုင်ငံရေးသိက္ခာကျသလို၊ တပ်မတော်အားလုံးနဲ့ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေကြတဲ့ ငြိမ်းချမ်းရေးအပေါ် ထိပါးစော်ကားလာတာလည်း ဖြစ်ပါတယ်။ အထူးသဖြင့် မကြာမီဒုတိယအကြိမ် ပြန်လည်ကျင်းပတော့မယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံအတွက် အကျပ်အတည်းဖြစ်အောင် ပြုလုပ်လာတဲ့ မရိုးမသားသော သဘောထားတွေကို တွေ့မြင်ကြရမှာလည်း ဖြစ်ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့နဲ့ Nationwide Ceasefire Agreement ကို လက်မှတ်ရေးထိုးနိုင်ခဲ့သလို ယခုအစိုးရလက်ထပ်မှာလည်း ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစု ပင်လုံကို စတင်ကျင်းပခဲ့ပြီးတော့ ငြိမ်းချမ်းရေးတံခါးကို အပြည့်အဝ ဖွင့်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါတွေဟာ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ သိသာထင်ရှားတဲ့ မြန်မာနိုင်ငံရဲ့အရွေ့ကိုတွေ့မြင်ရမှာပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဟာ (၂၁)ရာစုပင်လုံညီလာခံအဖွင့်မိန့်ခွန်းမှာ NCA နဲ့ပတ်သက်လို့ လက်မှတ်ထိုးခဲ့တဲ့အဖွဲ့တွေရှိသလို အကြောင်းကြောင်းကြောင့်မထိုးရသေးတဲ့ အဖွဲ့တွေလည်း ရှိနေသေးကြောင်း အစိုးရသစ်လက်ထက်မှာ NCA လက်မှတ်ထိုးဖို့ ကျန်နေတဲ့အဖွဲ့တွေ ပါဝင်နိုင်အောင် အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း တိုင်းရင်းသားအချင်းချင်းကြားမှာ နားလည်မှု၊ လွဲမှားမှုတွေ၊ စိတ်ဝမ်းကွဲမှုတွေမရှိစေဖို့ ဘုံသဘောတူညီချက်ဖြစ်တဲ့ NCA ရဲ့ ထီးရိပ်အောက်မှာ အားလုံးရောက်ရှိအောင် ဆောင်ရွက်နေကြောင်း အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ အမျိုးသားညီညွတ်ရေး မတည်ဆောက်နိုင်သမျှကာလပတ်လုံး ရေရှည်တည်တံ့ခိုင်မြဲမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးကို

မတည်ဆောက်နိုင်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုထက်ဘာမျှ ပိုအရေးမကြီးဘဲ ၎င်းတို့ရရှိအောင်မြင်အောင် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်းနဲ့ မြန်မာကိုကမ္ဘာကို ပြသလိုကြောင်း စင်ကာပူသို့ရောက်ရှိနေတဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က စင်ကာပူဝန်ကြီးချုပ် တည်ခင်းဧည့်ခံတဲ့ ညစာစားပွဲ နိုဝင်ဘာ ၃၀ ရက်နေ့မှာ ပြောကြားခဲ့ပါတယ်။ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို ကျင့်သုံးအကောင်အထည်ဖော်တဲ့နေရာမှာ There can neither be peace without democracy nor democracy without peace ပြည်တွင်းငြိမ်းချမ်းရေးမရှိဘဲနဲ့လည်း ဒီမိုကရေစီတည်ဆောက်လို့မရသလို ဒီမိုကရေစီမရှိဘဲနဲ့လည်း ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်၍မရနိုင်ပါဘူး။ စစ်မှန်တဲ့ တကယ့်ငြိမ်းချမ်းရေးဟာ အလေးအနက်ထားတာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါဟာဆိုရင် နိုင်ငံ့ခေါင်းဆောင်တွေရဲ့ စစ်မှန်တဲ့ငြိမ်းချမ်းရေးအတွက် ပြင်းပြတဲ့စိတ်ဆန္ဒတွေဖြစ်တယ်ဆိုတာကို သက်သေပြနေတာပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေရာမှာအနည်းငယ် အကြံပြုတိုက်တွန်းလိုတာကတော့ ဆိုရှယ်မီဒီယာအပါအဝင် Printed မီဒီယာပါ ငြိမ်းချမ်းရေးဖြစ်စဉ်လဲ ပြည်သူတစ်ရပ်လုံး တိုင်းရင်းသားအားလုံးပါဝင်လာဖို့ ဖြစ်စဉ်အမှန်များကို ပြည်သူများသိရှိစေဖို့ အစွန်းမရောက်ဘဲ နိုင်ငံအတွက်အရေးပါတဲ့ စတုတ္ထမီဒီယာကောင်းများအဖြစ် အထောက်အကူပြုဖို့ မေတ္တာရပ်ခံတိုက်တွန်းအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ဆွေးနွေးတင်ပြရရင်တော့ ညီညွတ်မှုငြိမ်းချမ်းမည်၊ ငြိမ်းချမ်းမှုတိုးတက်မည်ဆိုတဲ့အတိုင်း စစ်မှန်တဲ့ငြိမ်းချမ်းရေးသို့ အကောင်အထည်ဖော်တဲ့ ယခုလိုအချိန်ကာလနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစုပင်လုံ ဒုတိယအကြိမ် ကျင်းပခါနီးမျိုးမှာ KIA၊ MNDAA၊ TNLA ပူးပေါင်းအကြမ်းဖက်သောင်းကျန်းသူအဖွဲ့ရဲ့ တစ်ဖက်သတ်စတင်တိုက်ခိုက်မှုတွေဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် ထိခိုက်လာနိုင်တဲ့အတွက် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းရဲ့ အရေးကြီးအဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်းနဲ့ ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းအောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးသန်းအောင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ လတ်တလော ဖြစ်ပေါ်နေတဲ့အခြေအနေများကို သုံးသပ်ဆွေးနွေးရင်း မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းရဲ့ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခြင်းအား ခွင့်ပြုနိုင် ပါရန် တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသဟာ Power Point မှာတင်ပြတဲ့အတိုင်း ယခင်က အေးချမ်းစွာသွားလာတဲ့နယ်မြေတစ်ခုဖြစ်ပါတယ်။ ဒီဒေသမှာ နိုဝင်ဘာလ ၂၀ ရက်နေ့ မနက်ကစပြီးတော့ NCA မှာလက်မှတ်မထိုးတဲ့ KIA အဖွဲ့နှင့် ဒီမိုကရေစီအစိုးရလက်ထက်မှသာ လက်နက်စွဲကိုင်တိုက်ခိုက်တဲ့အတွက် NCA စာချုပ်မှာပါဝင်လက်မှတ်ရေးထိုးခွင့်မရှိတဲ့ လက်နက် ကိုင်နည်းလမ်းကို အပြီးအပိုင်ချုပ်ငြိမ်းစေရန် ဆန္ဒရှိပြီးမှ ဒေသတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ လက်နက်ကိုင်ဆောင်မှုထိန်းချုပ်ရေးဆိုင်ရာ နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးမှာဖြစ်ကြောင်း သဘောထားထုတ်ပြန်ပြီးမှသာ နိုင်ငံရေးဆွေးနွေးပွဲကိုတက်ရောက်မယ့် TNLA, NLDA, AA ပူးပေါင်း အဖွဲ့များက တပ်မတော်နှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့လုံခြုံရေးစခန်း၊ ၁၀၅ မိုင် ကုန်သွယ်ရေးစခန်းတွေကို ရည်ရွယ်ချက်ရှိရှိ ဆိုးရွားယုတ်မာစွာ စခန်းသိမ်းတိုက်ပွဲများအပါအဝင် စတင်တိုက်ခိုက်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးကြိုးစားဆောင်ရွက်နေချိန်မှာ ပြည်သူတွေလိုလားချက်တွေကတော့ Power Point မှာ ဖော်ပြတဲ့အတိုင်း တင်ပြထားရှိပါတယ်။ ဒါ့အပြင် စစ်ရေးပစ်မှတ်မဟုတ်တဲ့ အများပြည်သူသုံးကားများ မိုင်းခွဲခံရခြင်း၊ မြို့၊ ရွာများအား လက်နက်ကြီးများဖြင့် ပစ်ခတ်နှောင့်ယှက်ခြင်း၊ အပြစ်မဲ့ပြည်သူများကို ဓားပြတိုက်ဆက်ကြေးကောက် အဓမ္မလူသစ်စုဆောင်းခြင်းအပါအဝင် အရပ်သားယာဉ်များအား အကြောင်းမဲ့ပစ်ခတ်မီးရှို့မှု၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ခရီးသည်တချို့အား သတ်ဖြတ်ခြင်း များကြောင့် နယ်စပ်ကုန်သွယ်ရေးလမ်းနှင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ ခေတ္တဖြတ်တောက် ခဲ့ရပြီး ပြည်သူတွေရဲ့လူမှုစီးပွားရေးဘဝများစွာ ထိခိုက်နစ်နာခဲ့ရပါတယ်။

ဒီလိုလုပ်ဆောင်မှုဟာ Geneva Convention Common Article-3 နဲ့ Protocol 2 ရဲ့ Article-4 တို့ကိုချိုးဖောက်ကျူးလွန်ရာရောက်ပါတယ်။ လက်ရှိကာလမှာ ရာသီသီးနှံများထွက်ရှိချိန် အစိုးရသစ်လက်ထက် နိုင်ငံ့စီးပွားရေးနွေးကွေးနေချိန်မှာ သောင်းကျန်းသူများရဲ့ လူမဆန်တဲ့လုပ်ရပ် ကြောင့် ပိုမိုဆိုးရွားစွာထိခိုက်စေပါတယ်။ မူဆယ်ကုန်သွယ်မှုတန်ဖိုးကိုလည်း Power Point မှာ တင်ပြ ထားရှိပါတယ်။ မြန်မာ-တရုတ် အိမ်နီးချင်းနယ်နိမိတ်ဆက်စပ်မှုဟာ မိုင် ၁၃၀၀ ကျော်ရှိပါတယ်။

**မူကြမ်း**

နိုဝင်ဘာလ ၂၀ ရက်နေ့ တရုတ်ဘက်မှ ကျည်ကျရောက်မှုကို Power Point မှာတင်ပြတဲ့အတိုင်း စိစစ်တဲ့အခါမှာ နှစ်နိုင်ငံရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပျက်စီးစေရန်ရည်ရွယ်ချက်နဲ့ အကြမ်းဖက်အဖွဲ့များက ဆောင်ရွက်ခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ မြန်မာ၊ တရုတ် နှစ်နိုင်ငံစလုံးအနေနဲ့ အဆင့်မြင့်ဆွေးနွေးပွဲတွေကို Power Point မှာတင်ပြထားတဲ့အတိုင်း အစဉ်အလေးထားလျက်ရှိပါတယ်။ လက်နက်ကိုင်အဖွဲ့များက ကြိုတင်စီမံပြီးတော့ တပ်မတော်နှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့လုံခြုံရေးဆောင်ရွက်လျက်ရှိတဲ့ စခန်းကြီး၊စခန်းငယ်များအား အကြမ်းဖက်တိုက်ခိုက်ခဲ့ပေမယ့် မိမိတို့တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက စစ်ရေးသတိနှင့် ရှပ်ရှပ်ချွံချွံတုံ့ပြန်တိုက်ခိုက်မှုကြောင့် သူတို့အဖွဲ့အနေနဲ့ မှန်းချက်နဲ့နှမ်းထွက်မကိုက်ဘဲ ကွတ်ခိုင်ကျည်မီးရှို့ဆိုသလို စစ်ရေးပစ်မှတ်မဟုတ်တဲ့ လမ်းတံတား၊ အရပ်သားပစ်မှတ်တွေကို ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူတွေကို အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်ခြင်းအား Geneva Convention Common Article-3 နဲ့ Protocol 2 ရဲ့ Article-4 တို့ကို ချိုးဖောက်ကျူးလွန်ရာရောက်ပါတယ်။ ဒါကြောင့် တပ်မတော်အနေနဲ့ လေကြောင်းပစ်ကူ၊ အမြောက်ပစ်ကူရယူပြီး စနစ်တကျပြန်လည်တုံ့ပြန်ချေမှုန်ခဲ့ပြီးတော့ လက်ရှိအနေအထားမှာ နယ်မြေအေးချမ်းတည်ငြိမ်အောင် ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိနေပါတယ်။ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအား ၁၉၆၈ ခုနှစ်၊ ဗကပလမ်းစဉ်အတိုင်း ကျူကုတ်၊ ပန်ဆိုင်၊ မုံကိုးနယ်မြေတွေကို အခြေခံနယ်မြေတွေအဖြစ် တည်ဆောက်အသက်သွင်းဆောင်ရွက်ရန် ဒီဖြစ်စဉ်များက သိသာထင်ရှားစွာ ဖော်ပြနေပါတယ်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဟာ NCA လက်မှတ်ရေးထိုးမှုအပိုင်းမှာလည်း Power Point မှာတင်ပြထားတဲ့အတိုင်း အဆင့်ဆင့်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ မူရင်းနေရပ်ပြန်တိုင်းရင်းသားတွေနဲ့ပတ်သက်လို့ တပ်မတော်နှင့်အဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးမှုကိုလည်း Power Point မှာတင်ပြထားရှိပါတယ်။ မြန်မာ့တပ်မတော်ကို နိုင်ငံတကာတပ်မတော်အင်္ဂါရပ်နှင့်အညီ ဖွဲ့စည်းထားခြင်းဖြစ်ပြီး စစ်သည်တိုင်းဟာ ကျင့်ဝတ် ၆၀ ပါအတိုင်း လိုက်နာရသကဲ့သို့ Geneva Convention နှင့်အညီလည်း တိကျစွာဆောင်ရွက်ရပါတယ်။ ၂၀၁၆ ခုနှစ် ဇွန်လမှာ ဖြစ်ပွားခဲ့တဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုင်းရယ်မှာ လုပ်ထုံးလုပ်နည်းမှားယွင်းစွာဆောင်ရွက်ခဲ့ပြီးတော့ ဖမ်းဆီးရမိတရားခံများ သေဆုံးမှုဖြစ်စဉ်မှာ မြန်မာ့တပ်မတော်မှတာဝန်ရှိသူအဆင့်ဆင့်ကို ဥပဒေနှင့်အညီ အရေးယူခဲ့ပြီးဖြစ်ပါတယ်။ ယခုဖြစ်ပွားခဲ့တဲ့ အပြစ်မဲ့ပြည်သူတွေ၊ ဥပဒေမဲ့သတ်ဖြတ်ခြင်း၊ အများပြည်သူအသုံးပြုတဲ့ ဆက်သွယ်ရေးလမ်းကြောင်း၊ သံကူကွန်ကရစ်တံတားများဖောက်ခွဲဖျက်ဆီးခြင်း

နှင့် မြို့၊ ရွာများရှိ စစ်ရေးပစ်မှတ်မဟုတ်တဲ့ အရပ်သားများနှင့် အခြေခံအဆောက်အဦများ ပစ်မှတ်ထားပြီး ဆောင်ရွက်ခဲ့ကြတဲ့အပြင် ဒို့တာဝန်အရေးသုံးပါးကို ထိပါးနှောင့်ယှက်လာတဲ့အတွက် ယခုဖြစ်ပွားနေတဲ့ဖြစ်စဉ်မှာ အဓိကတာဝန်ရှိသူများဖြစ်တဲ့ UNFC ဥက္ကဋ္ဌ အင်ဘန်လ၊ KIA မှ ဂမ်ရှောင်၊ TNLA မှ မိုင်အိုက်ဖိုး(ခ)တာအိုက်ဖုန်း၊ MNDA မှ ဖုန်းကြားရှင်နဲ့ ဖုန်းတာရှင်၊ AA မှ ထွန်းမြတ်နိုင်တို့အပါအဝင် ပြစ်မှုကျူးလွန်သည်ကိုလည်း အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူပြီးတော့ သူတို့ရဲ့လုပ်ရပ်များအပေါ် ပြည်သူများကအကြမ်းဖက်အဖွဲ့အစည်းအဖြစ် ဆန့်ကျင်ချေမှုန်းသင့်ပါတယ်။ ဒါကြောင့် အဆိုပါ KIA, TNLA, NMDAA, AA အဖွဲ့များကို အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် လွှတ်တော်မှသတ်မှတ်ပေးပါရန်လေးစားစွာတင်ပြလိုပါတယ်။ တစ်ဆက်တည်းမှာပဲ နိုင်ငံတကာမှ လူသားချင်းစာနာထောက်ထားမှုအရ အဆိုပါအကြမ်းဖက်အဖွဲ့များကို ရိက္ခာပစ္စည်းထောက်ပံ့ပေးခြင်း၊ ဆေးဝါးကုသပေးခြင်းများကိုလည်း တားမြစ်ရပ်ဆိုင်းစေသင့်ပါတယ်။ ဒါ့အပြင် တပ်မတော်အနေနဲ့ ဥပဒေနှင့်အညီဆောင်ရွက်ချက်များအပေါ် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တစ်ခဲနက်ပူးပေါင်းပါဝင်သင့်ကြောင်း အကြံပြုဆွေးနွေးတင်ပြရင်း မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းရဲ့အဆိုအား ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအင်ထုံးခါးနော်ဆမ်(မြစ်ကြီးနားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ မိတ္ထီလာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းရဲ့ အရေးကြီးအဆိုကို ဆွေးနွေးမယ့် မြစ်ကြီးနားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအင်ထုံးခါးနော်ဆမ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အဆိုတွင်ပါဝင်သော စိုးရိမ်မှုဖြစ်စဉ်ရဲ့အကြောင်းအချက်များအားလုံးသည် ပြည်တွင်းစစ်ပြည်တွင်းငြိမ်းချမ်းရေးနဲ့ တိုက်ရိုက်သက်ဆိုင်နေသည်ဆိုတာကို လူတိုင်း နားလည်သိပြီးသားဖြစ်မှာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့လက်နက်ကိုင် ပဋိပက္ခနောက်ခံသမိုင်းကိုကြည့်လိုက်တဲ့အခါမှာ လွတ်လပ်ရေးရပြီး မကြာသောကာလမှာ ပါတီနိုင်ငံရေးမူဝါဒခံယူချက်မတူကွဲပြားလာမှုကြောင့် မူဝါဒအပေါ်မှာအခြေခံပြီး လက်နက်စွဲကိုင်လာခဲ့တဲ့ အဖွဲ့တွေရှိကြသလို နောက်ပိုင်းမှာတော့

အမျိုးသားရေးပေါ်အခြေခံကာ လူမျိုးစုလက်နက်ကိုင်စွဲကိုင်လာတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိမြန်မာနိုင်ငံရဲ့ စစ်ရေးပဋိပက္ခကို ပြန်လည်သုံးသပ်ကြည့်လိုက်တဲ့အခါ မှာလည်း လူမျိုးနှင့်နယ်မြေအပေါ်အခြေခံခြင်း၊ တန်းတူအခွင့်အရေးရယူလိုခြင်း၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရယူလိုခြင်းစသည့်အခွင့်အရေးရယူလိုမှုကြောင့် စစ်ပွဲဖြစ်နေကြတယ်လို့ ထင်မြင်ယူဆမိပါတယ်။ ဒီလိုမျိုး အခွင့်အရေးရယူလိုမှုနဲ့ အမျိုးသားရေးကို အခြေခံတဲ့ ပဋိပက္ခဖြစ်နေခြင်းကြောင့် ကမ္ဘာမှာ အရှည်အကြာဆုံးအနှစ် ၇၀ နီးပါး ပြည်တွင်းစစ်ဖြစ်နေရခြင်းဖြစ်တယ်လို့ ဒီလိုပဲသုံးသပ်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုမျိုး ပြည်တွင်း၌ နှစ်ရှည်ကာလတိုက်ပွဲတွေဖြစ်နေခြင်းကို သုံးသပ် ကြည့်လိုက်တဲ့အခါမှာလည်း ၂၀၁၁ ခုနှစ်နောက်ပိုင်း စစ်ပွဲဟာ နှစ်ဖက်ပြင်းပြင်းထန်ထန်တိုက်ကြတဲ့ အတွက် မသေဘဲထွက်ပြေးတိမ်ရှောင်နိုင်ခဲ့ပြီး စစ်ရှောင်ဒုက္ခသည် ယနေ့အချိန်အထိ သိန်းဂဏန်းရှိ နေဆဲဖြစ်ပါကြောင်း လေ့လာသိရှိရပါတယ်။ နောက်ပြီး တိုက်ပွဲများဖြစ်ပြီဆိုရင် တိုက်ပွဲဖြစ်နယ်မြေ ဒေသရှိ ပြည်သူပြည်သားများရဲ့ဘဝဟာ လွတ်ရာသို့ ခွေးပြေးဝက်ပြေးသေသူသေ၊ ရှင်သူရှင် ဒုက္ခမျိုးစုံ ကြုံရတဲ့ သူတို့ရဲ့မြေစာပင်ဘဝ ဒါတင်မကဘဲ နှစ်ဖက်တပ်သားများရဲ့ဘဝတွေ မိုင်း၊ သေနတ်၊ အမြောက်၊ ကျည်ဆံတွေထိမှန်လို့ ခြေပြတ်လက်ပြတ် ကျည်ထိနေရာ သွေးရဲနီနီ မကြည့်ဝံ့စရာ အဖြစ်ဆိုးနဲ့ အခုတလော မူဆယ် ၁၀၅ မိုင်မှာ ဖြစ်တဲ့ဖြစ်စဉ်ကလည်း ဒီသဘောပဲ။ ဒါဟာ စစ်ကြောင့်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုမျိုး ပြည်တွင်း၌စစ်ပွဲသာဖြစ်ပြီး ငြိမ်းချမ်းရေးမရှိခြင်းကြောင့် နိုင်ငံ့ဖွံ့ဖြိုး တိုးတက်မှုမရှိ၊ လူသားအရင်းအမြစ်များဆုံးရှုံးခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အစစအရာရာ အားလုံးချွတ်ခြုံကျ အဆင်းရဲဆုံးနိုင်ငံဘဝသို့ရောက်ခဲ့ရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုမျိုး ကြုံတွေ့ရတဲ့ နိုင်ငံ့ဘဝကနေဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာဖို့ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဘာပြောသလဲဆိုတော့ ကျွန်မတို့နိုင်ငံငြိမ်းချမ်းမှ ဖြစ်တော့မယ်တဲ့။ ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရန် သူကိုယ်တိုင်ဦးဆောင်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံကို ပါဝင်သင့်ပါဝင်ထိုက်သူများကို ပါဝင်စေပြီး ရင်ထဲက ခံစားချက်တွေကို ဖွင့်ဆိုတင်ပြခွင့်ပြုခဲ့တာက အားလုံးအသိပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံလည်းပြီး တိုက်ပွဲက ပြန်လည်ဖြစ်ပြန်ရော။ ဖြစ်ရခြင်းရဲ့အကြောင်း နှစ်ဘက်ပြောဆိုမှုဟာ ကိုယ့်ဘက်အမြင် အမှန်လို

ပြောနေကြတာ အားလုံးကြားသိကြမှာဖြစ်ပါတယ်။ ဒီလိုပြန်ဖြစ်လာတဲ့တိုက်ပွဲရဲ့ကွင်းဆက်ဟာ မူဆယ် ၁၀၅ မိုင်ပစ်ခတ်မှုတိုက်ပွဲလို့ ယူဆစရာဖြစ်နေပါတယ်။ ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် ကြားက ခံနေရတဲ့ မြေစာပင်ဘဝကတော့ ပြည်သူသာဖြစ်နေတယ်ဆိုတာကို အားလုံးအသိပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အစိုးရနှင့်လက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ဘာပြောသလဲဆိုတော့ ပြည်သူတွေရဲ့ဆင်ခြင်တုံတရားကို လျှော့မတွက်ကြပါနဲ့ ခင်ဗျားတို့တတ်ထားတဲ့ အုပ်ချုပ်ရေးပညာအရည်အချင်းကို ပြည်သူတွေမတတ်ပေမယ့် ခင်ဗျားတို့ဘာတွေလုပ်နေတယ်ဆိုတာ တစ်နေ့ကျရင်သိရလိမ့်မယ်တဲ့။

ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ပွဲကြောင့်အပြစ်မဲ့ပြည်သူတွေသေဆုံးရ၊ ဒုက္ခရောက်ရခြင်းကို စိုးရိမ်စရာ ဖြစ်သလို နဂိုကမှ နိုင်ငံကဆင်းရဲနေတဲ့ကြားက စီးပွားရေး၊ လူမှုရေး အစစအရာရာ အကျပ်အတည်း ပို၍ပို၍ဖြစ်လာမှာကိုလည်း အထူးစိုးရိမ်မိပါကြောင်း ဆွေးနွေးလိုပါတယ်။ နောက်ပြီး စစ်ပွဲကြောင့် နိုင်ငံအတွက် စိုးရိမ်စရာအချက်များ နိုင်ငံတော်၏ ဘဏ္ဍာငွေနှင့်သယံဇာတများ အလဟဿကုန်ခမ်း ခြင်း၊ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုလာရောက်မှုကိုလည်း ဟန့်တားနေသလိုဖြစ်နေခြင်း၊ အိမ်နီးချင်း နိုင်ငံနှင့် ဆက်ဆံရေးထိခိုက်လာခြင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံစီးပွားရေးလမ်းကြောင်းထိခိုက်လာခြင်း စတဲ့ အချက်များထိခိုက်နေပါသဖြင့် နိုင်ငံအတွက်လည်း များစွာစိုးရိမ်စရာဖြစ်နေပါကြောင်း။ ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ဒေါက်တာမောင်သင်းရဲ့ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် ပတ်ဝန်းကျင်မြို့ဒေသများ၌ဖြစ်ပွားခဲ့သော ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးရခြင်းသည် ပြည်သူအားလုံးအတွက် စိုးရိမ်စရာဖြစ်သလို စစ်ပွဲတွေကြောင့် နိုင်ငံ့အကျိုး ဆုတ်ယုတ်မှုများစွာလည်း ဖြစ်ပေါ်နေသဖြင့် နိုင်ငံ့အတွက်လည်း များစွာစိုးရိမ်မိပါကြောင်း ယင်းစိုးရိမ်ကြောင့်ကြမှုများမှ ကင်းဝေးကင်းလွတ်ရန်တစ်ခုတည်းသောအဖြေသည် ငြိမ်းချမ်းရေးလို့ ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သူပြောတဲ့ အဖြေသည် အမှန်ကန်ဆုံးဖြစ်တဲ့အတွက်ကြောင့် တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိရန် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံကို လက်နက်ကိုင်အဖွဲ့အစည်းအားလုံး မဏ္ဍိုင်ပြု စုစည်း ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဖြင့် ငြိမ်းချမ်းရေးကို အရယူနိုင်ကြရန် အဖွဲ့အစည်းတိုင်းကို လွှတ်တော် ကိုယ်စားလှယ်များအားလုံး တိုက်တွန်းကြရအောင်လို့ အကြံပြုရင်း မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာ

မောင်သင်းရဲ့ အရေးကြီးအဆိုကို ဤမျှဆွေးနွေးရင်း ဤအဆိုကို မှတ်တမ်းအဖြစ်ထားရှိသင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

## ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်ကတင်သွင်းသော အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ(ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းတင်သွင်းတဲ့ အရေးကြီးအဆိုအပေါ် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ၂၀-၁၁-၂၀၁၆ ရက်နေ့ မနက် ၂ နာရီ ၁၅ မိနစ်မှာစတင်ပြီးတော့ KIA ၊TNLA ၊ MNDAA လက်နက်ကိုင်သောင်းကျန်းသူများက မူဆယ်၊ ကွတ်ခိုင်၊ သိန္နီ၊ နမ့်ခမ်း၊ နမ္မတူမြို့နယ်မှာ တပ်မတော်တပ်ရင်း ဌာနချုပ်များ၊ ရှေ့တန်းစခန်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲစခန်းနှင့် လုံခြုံရေးရဲကင်းများကို လက်နက်ကြီး၊ လက်နက်ငယ်များကိုင်ဆောင်၍ သာလွန်အင်အားဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ မြို့ရွာများအတွင်း လက်နက်ကြီးများဖြင့်ပစ်ခတ်ခြင်း၊ ပြည်ထောင်စုလမ်းမကြီးများနှင့် မြို့နယ်ချင်းဆက်လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ သွားလာနေတဲ့ယာဉ်များကို ရပ်တန့်ဖျက်ဆီးခြင်း၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ပြီး ဆက်ကြေးတောင်းခံခြင်း၊ အပြစ်မဲ့ပြည်သူများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေတဲ့ လူမှုကူညီရေးအသင်းမှ ယာဉ်နှင့်လူများကိုပစ်ခတ်ခြင်း၊ အပြစ်မဲ့ပြည်သူများ ဖမ်းဆီးခေါ်ဆောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဖြစ်ပွားတဲ့အချိန်ကစပြီး ယခုအချိန်အထိ လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များရဲ့ ပစ်ခတ်သတ်ဖြတ်မှုကြောင့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့များ၊ အရပ်သားများ၊ ဒေသခံပြည်သူ့စစ် စုစုပေါင်း ၁၈ ဦး သေဆုံးကျဆုံးခဲ့ပြီးဖြစ်ပြီး ဒဏ်ရာရသူများမှာတော့ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အပြစ်မဲ့ပြည်သူများ၊ ဝန်ထမ်းများအပါအဝင် စုစုပေါင်း ၇၃ ဦး ရှိပါတယ်။ ဒဏ်ရာရရှိသူများကိုတော့ သက်ဆိုင်ရာဆေးရုံများမှာ ဆေးကုသမှုခံယူစေလျက်ရှိပါတယ်။

လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များဟာ ဖြစ်စဉ်စတင်ဖြစ်ပွားတဲ့အချိန်မှစ၍ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဆွမ်လုံတံတား၊ နမ့်ပေါ်တံတား၊ နမ္မတူတံတား၊ နန့်ပေါ်ချောင်းကူးတံတား၊ မိုင်ဆင်တံတား၊ နမ့်ဆာတံတား၊ ကျောက်စီဂုံးတံတား စတဲ့တံတားခုနစ်စင်းကို မိုင်းထောင်ဖောက်ခွဲခြင်း၊ ယာဉ်ငါးစီးကို ပစ်ခတ်ခဲ့ခြင်းများပြုလုပ်ခဲ့ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ လတ်တလောဖြစ်ပွားနေတဲ့ အခြေအနေများကို တည်ငြိမ်အေးချမ်းစေရန်နှင့် ပြည်သူများလုံခြုံစိတ်ချမှုအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်ရဲ့ ကြီးကြပ်စီမံမှုဖြင့် လုံခြုံရေးကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူ့စစ်တပ်ဖွဲ့များဖြစ်တဲ့ မြို့မပြည်သူ့စစ်၊ ပန်ဆေး၊ ကောင်းခါ၊ မုန်းပေါ်၊ ဆင်ကျော့ပြည်သူ့စစ်တပ်ဖွဲ့ဝင်များမှ တာဝန်ယူပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်။ တရားဥပဒေစိုးမိုးမှုပျက်ပြားမှုမရှိစေရေး၊ မြို့ရွာလုံခြုံရေးနှင့်လမ်းတံတားများ လုံခြုံရေးအတွက် အင်အားများဖြည့်တင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဖြစ်စဉ်များမှာ ကျူးလွန်ခဲ့တဲ့တရားခံများကို ထိရောက်စွာအရေးယူနိုင်ရေးအတွက်လည်း တည်ဆဲဥပဒေများနှင့်အညီ အမှုဖွင့်ဆောင်ရွက်လျက်ရှိပါတယ်။ ရပ်ရွာအေးချမ်းသာယာရေး၊ မှုခင်းများတိုးတက်ဖြစ်ပွားမှုမရှိစေရေးအတွက် ရဲတပ်ဖွဲ့အင်အားကို စနစ်တကျဖြန့်ခွဲ၍ နေ့ညမပြတ် လှည့်ကင်း၊ ပတ်ကင်းနဲ့ဆောင်ရွက်ခြင်း၊ မူလရဲလုပ်ငန်းစဉ်များ မပြတ်လည်ပတ်ဆောင်ရွက်လျက်ရှိပါတယ်။ အုပ်ချုပ်ရေးယန္တရား ယိမ်းယိုင်မှုမရှိစေရေးအတွက်လည်း ဌာနဆိုင်ရာများအားလုံးပူးပေါင်းပါဝင်လျက် ဌာနဆိုင်ရာလုပ်ငန်းများကိုလည်း ပုံမှန်ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ လက်ရှိမီးသတ်သန္ဓေတပ်ဖွဲ့ဝင် ၄၈၇ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ ၆၅၄၃ ဦး၊ သီးသန့်မီးသတ်တပ်ဖွဲ့ ၁၉၅ ဦး၊ မီးသတ်ယာဉ် ၁၄၄ စီးတို့ဖြင့် ပြည်သူလူထုအတွင်း အရေးပေါ်အခြေအနေဖြစ်ပေါ်လာလို့ရှိရင် အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက်၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများမှာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အသင့်စုဖွဲ့ဆောင်ရွက်လျက်ရှိပါတယ်။ စစ်ဘေးရှောင်စခန်းအသီးသီးမှာရောက်ရှိနေတဲ့ ပြည်သူများကို သက်ဆိုင်ရာမြို့နယ်မီးသတ်စခန်းများမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ မီးသတ်ယာဉ်များအသုံးပြု၍ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင်သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ လှူဒါန်းပစ္စည်းများ စစ်ဘေးရှောင်ပြည်သူများလက်ဝယ် အမြန်ဆုံးရောက်ရှိစေရေးအတွက်လည်း ပါဝင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လက်နက်ကိုင်သောင်းကျန်းသူများဝင်ရောက်တိုက်ခိုက်မှုကြောင့် တိုက်ပွဲဖြစ်ပွားရာဒေသတွေမှာရှိတဲ့ ဒေသခံပြည်သူအချို့ မိမိတို့နေရပ်မှတိမ်းရှောင်ပြီး မူဆယ်မြို့မှာဖွင့်လှစ်ထားတဲ့ စစ်ဘေးရှောင်ကယ်ဆယ်ရေးစခန်းခုနစ်ခုမှာ

**မူကြမ်း**

၂၅-၁၁-၂၀၁၆ ရက်နေ့မှာ ၁၆၈၂ ဦး ခိုလှုံနေထိုင်လျက်ရှိရာမှ ယခုအချိန်မှာတော့ ၆၉၇ ဦး ခိုလှုံနေထိုင်လျက်ရှိကြောင်း သိရှိရပါတယ်။ စစ်ဘေးရှောင်ကယ်ဆယ်ရေးစခန်းများကို နယ်မြေခံတပ်ရင်းတပ်ဖွဲ့၊ ရဲစခန်း၊ ရဲကင်းများမှ လှည့်ကင်း၊ ဝပ်ကင်း၊ ပတ်ကင်းများဖြင့် ကင်းလှည့်ပြီးတော့ နယ်မြေစိုးမိုးရေးဆောင်ရွက်ပေးလျက်ရှိပြီး စစ်ဘေးရှောင်စခန်းများသို့ရောက်နေတဲ့ပြည်သူများကို ပြည်ထောင်စုအစိုးရအဖွဲ့လမ်းညွှန်ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပနိုင်ငံတကာအဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များမှ စစ်ဘေးရှောင်ပြည်သူများအတွက် လိုအပ်တဲ့အစားအသောက်၊ အသုံးအဆောင်များကို ထောက်ပံ့ပေးခဲ့ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသ၊ ရှမ်းပြည်နယ်(အရှေ့မြောက်ဒေသ)၊ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း၊ နမ္မတူမြို့မှာ KIA ၊ TNLA ၊ MNDAA လက်နက်ကိုင်အဖွဲ့များ၏တိုက်ခိုက်မှုနှင့်ပတ်သက်ပြီး နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်အဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တိုက်ပွဲဖြစ်ပွားရာဒေသများမှ နေရပ်တိမ်းရှောင်လာတဲ့ ဒေသခံရွာသားအချို့ကို စစ်ဘေးရှောင်ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဘာသာရေးနှင့်လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များက အစားအစာနှင့်ပစ္စည်းများထောက်ပံ့ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ဆေးဝါးကုသပေးခြင်း၊ ကူးစက်ရောဂါမဖြစ်ပွားရေးအတွက် ကာကွယ်ပေးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် သန့်ရှင်းတဲ့သောက်သုံးရေရရှိရေး၊ အစားအသောက်များနှင့် ရောဂါကင်းရှင်းရေး၊ ကာကွယ်ရေး၊ လုံခြုံရေးများကိုလည်း အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံတော်မှ အတည်ပြုပြဋ္ဌာန်းထားရှိတဲ့ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁၀)မှာ အများပြည်သူ၏လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသောအခြေခံအဆောက်အဦဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အဦ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများဟုလည်းကောင်း၊ ပုဒ်မခွဲငယ်(၁၃)မှာ အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုဖြစ်ပေါ်စေခြင်း၊ ဥပဒေနှင့်အညီပြုလုပ်ရမည်ကို မပြုလုပ်ဘဲရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ အရပ်သားကိုဖြစ်စေ၊ လက်နက်ကိုင်ပဋိပက္ခတိုက်ပွဲ ဖြစ်နေသည့်အခြေအနေမှာ စစ်ပြိုင်မှု၌ ပါဝင်တိုက်ခိုက်ခြင်းမရှိသည့် အခြားသူတစ်ဦးဦးကိုဖြစ်စေ သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန် အခြားပြုလုပ်မှုများဟုလည်းကောင်း၊ ပုဒ်မ ၃ ပုဒ်မခွဲ(ဖ)မှာ အကြမ်းဖက်အုပ်စုဆိုသည်မှာ အကြမ်းဖက်မှုတစ်ခုခုကို

ကျူးလွန်ရန် အချိန်ကာလတစ်ခုယူ၍ဖွဲ့စည်းထားသည့် လူနှစ်ဦးနှင့်အထက်ပါဝင်သော အသင်းအဖွဲ့ကိုဆိုသည်။ ယင်းစကားရပ်မှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အရလည်းကောင်း၊ ဗဟိုအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့်လည်းကောင်း ကြေညာထားသည့် အကြမ်းဖက်အုပ်စုလည်းပါဝင်သည်ဟုလည်းကောင်း၊ ပုဒ်မ ၃၉ ပုဒ်မခွဲ(က)မှာ အများပြည်သူများအသုံးပြုသည့်နေရာတွင်ဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အဦ၊ ယာဉ်စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းတစ်ခုခုတွင်ဖြစ်စေ၊ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် သို့မဟုတ် အခြေခံအဆောက်အအုံပစ္စည်းတစ်ခုခုတွင်ဖြစ်စေ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းကို ပေးအပ်မှု၊ ချထားမှု၊ စွန့်ပစ်မှု သို့မဟုတ် ဖောက်ခွဲမှု သို့မဟုတ် ယင်းတို့ကို ဖျက်ဆီးမှုတို့သည် ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်တဲ့အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာ ပြစ်မှုမြောက်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ KIA၊ TNLA ၊ MNDAA လက်နက်ကိုင်သောင်းကျန်းသူများ၏လုပ်ရပ်ဟာ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ နှောင့်ယှက်ပျက်စီးစေတဲ့အပြင် တည်ဆဲဥပဒေများအရ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်နိုင်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဒါပေမဲ့လည်း လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာတဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနှစ်ပေါင်းများစွာရှည်ကြာခဲ့ရခြင်းမှာ အခြေခံကျတဲ့နိုင်ငံရေးပြဿနာများကို ဆွေးနွေးညှိနှိုင်း၍ အပေးအယူ၊ အလျှော့အတင်းပြုလုပ်ကာ ဘုံသဘောတူလက်ခံသည့်ဖြေရှင်းချက်များ မရှာဖွေနိုင်ခဲ့ခြင်းကြောင့်ဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် စုပေါင်းအဖြေရှာနိုင်ရန်ရည်ရွယ်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁)ရာစုပင်လုံကို ဦးစားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ NCA လက်မှတ်ရေးထိုးခြင်းမရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း လက်မှတ်ရေးထိုး၍ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အမြန်ဆုံးပါဝင်နိုင်ရန် တိုက်တွန်းလျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးကို အလေးပေးဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှာ အမျိုးသားပြန်လည်သင့်မြတ်ရေးဗဟိုဌာနကို ဖွဲ့စည်းခဲ့ပါတယ်။ ခေတ်အဆက်ဆက် နိုင်ငံရေးပြဿနာကို ညှိနှိုင်းဆွေးနွေးအဖြေရှာနိုင်ရန်နှင့် အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် လိုအပ်သောမူဝါဒများချမှတ်နိုင်ရန်အလို့ငှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁)ရာစုပင်လုံကို ကျင်းပနိုင်ရေးဆောင်ရွက်ရာမှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် NCA မှာ ပါဝင်လက်မှတ်ရေးထိုးထားပြီးဖြစ်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း

များသာမက လက်မှတ်ရေးထိုးခြင်းမရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများပါ ပါဝင်လာစေရန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးများအားလုံး ဘေးရန်ခပ်သိမ်းငြိမ်းကြပါစေ။ ဒေါသခပ်သိမ်းငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဦးစွာမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှာ ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိတ္ထီလာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းတင်သွင်းတဲ့ ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း၊ နမ္မတူနှင့် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တို့တွင် KIA, MNDAA, TNLA ပူးပေါင်းအဖွဲ့တို့မှ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်၊ မိုင်းထောင်မှု၊ ဖျက်ဆီးမှု၊ ဗုံးခွဲမှုများကြောင့် အပြစ်မဲ့ပြည်သူများ သေကြေခြင်း၊ ဒဏ်ရာရခြင်းနှင့် အိုးအိမ်စွန့်ခွာစစ်ပြေးဒုက္ခသည်ဘဝရောက်ခြင်းနှင့် နိုင်ငံ၏အချုပ်အခြာအာဏာတည်မြဲမှု၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အား ထိခိုက်စေခြင်းတို့ကို လွှတ်တော်မှစိုးရိမ်ကြောင်း အရေးကြီးအဆိုနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်အနေနဲ့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ အဆိုမှာ ဖော်ပြထားတဲ့ ရှမ်းပြည်နယ်အရှေ့မြောက်ဒေသဖြစ်စဉ်ဖြစ်ပွားရာနေရာများဟာ ကချင်ပြည်နယ်မှာ ပါဝင်ခြင်းမရှိသလို၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှာ ပါဝင်ခြင်းမရှိဘဲ ရှမ်းပြည်နယ်အစိုးရရဲ့ အုပ်ချုပ်မှုနယ်မြေအတွင်းမှာ တည်ရှိတဲ့နေရာများသာဖြစ်ကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ယခုဖြစ်စဉ်မှာ စတင်တိုက်ခိုက်ခဲ့တဲ့ KIA အဖွဲ့ဟာဆိုရင် တစ်နိုင်ငံလုံး အပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA ကို လက်မှတ်မထိုးရသေးတဲ့ အဖွဲ့ဖြစ်ပါတယ်။ MNDAA, TNLA နဲ့ AA တို့ကတော့ ယခင်တပ်မတော်အစိုးရလက်ထက်နှင့် ယင်းမတိုင်မီ အစိုးရလက်ထက်များမှာ စတင်ပေါ်ပေါက်တိုက်ခိုက်ခဲ့တာ မဟုတ်ကြောင်း ဦးစွာတင်ပြလိုပါတယ်။ အဲဒီအဖွဲ့သုံးဖွဲ့ဟာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီနည်းလမ်းအရ ရွေးချယ်တင်မြှောက်ခဲ့တဲ့သမ္မတကြီးဦးသိန်းစိန်လက်ထက်မှာ စတင်ပေါ်ပေါက်တိုက်ခိုက်ခဲ့တဲ့အဖွဲ့များ ဖြစ်ပါတယ်။ ဒီအဖွဲ့သုံးဖွဲ့ဟာ သမိုင်းကြောင်းနှင့်ချီပြီး ပေါ်ပေါက်လာတဲ့အဖွဲ့များမဟုတ်တဲ့အပြင် ဒီမိုကရေစီ

နည်းအရ ဖြစ်သင့်ဖြစ်ထိုက်တဲ့ မိမိတို့ရဲ့လိုလားချက်များကို လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများမှ တစ်ဆင့် တင်ပြဆောင်ရွက်နိုင်ခွင့်ကို လျစ်လျူရှုပြီး နိုင်ငံတော်ကို တစ်နည်းအားဖြင့် ဒီမိုကရေစီစနစ်ကို လက်နက်စွဲကိုင်ဆန့်ကျင်တိုက်ခိုက်နေတဲ့ အဖွဲ့တွေပဲ ဖြစ်ပါတယ်။ ဒီအဖွဲ့သုံးဖွဲ့အနေနဲ့ လက်နက်ကိုင်နည်းလမ်းကို အပြီးတိုင် ချုပ်ငြိမ်းစေရန်ဆန္ဒပြုကြောင်းနှင့် ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လက်နက်ကိုင်ဆောင်မှု ထိန်းသိမ်းရေးဆိုင်ရာတို့ကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးမည်ဖြစ်ကြောင်း သဘောထားထုတ်ပြန်မည်ဆိုပါက NCA အရ ကျင်းပမယ့် နိုင်ငံရေးဆွေးနွေးပွဲများမှာ ပါဝင်ဆွေးနွေးခွင့်ပြုမည်ဖြစ်ကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန NRPC မှ အဆိုပြုခဲ့သော်လည်း ယင်းတို့အနေနဲ့ လက်သင့်မခံလိုကြောင်း၊ လက်နက်ကိုင်လမ်းစဉ်ကိုသာ ဆုပ်ကိုင်ထားလိုကြောင်း၊ ယခုဖြစ်စဉ်များအရ အထင်အရှားတွေ့ရှိရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဖြစ်စဉ်များ ဖြစ်ပွားလျက်ရှိတဲ့ မုံးကိုး-ဖောင်းဆိုင်ဒေသဟာ ၁၉၆၈ ခုနှစ်မှာ ဗကပ များက အခြေခံနယ်မြေအဖြစ် စတင်တိုက်ခိုက်သိမ်းပိုက်ခဲ့တဲ့ ဒေသဖြစ်တာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရပြီးသားနယ်မြေ၊ အများပြည်သူတို့ လွတ်လပ်အေးချမ်းစွာ ကုန်စည်ကူးသန်းရောင်းဝယ်ရာနယ်မြေကို ယခုကဲ့သို့ အလစ်အငိုက်စတင်တိုက်ခိုက်ခဲ့ခြင်းဟာ ရှမ်းပြည်နယ်အစိုးရရဲ့ အုပ်ချုပ်မှုနယ်မြေအတွင်းမှာ အခြေခံနယ်မြေတည်ဆောက်ရန် ရည်ရွယ်ချက်ရှိရှိ တိုက်ကွက်ဖော်လာခြင်းပဲဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရကိုလည်း နိုင်ငံရေး၊ စီးပွားရေးအကြပ်အတည်းဖြစ်စေရုံမျှမက အိမ်နီးချင်းနိုင်ငံနှင့်ဆက်ဆံရေးပါ မပြေလည်မှုဖြစ်အောင် ယခုကဲ့သို့ ဆောင်ရွက်လာခြင်းဟာ နိုင်ငံတော်ကို အကျပ်အတည်းဖြစ်ပေါ်စေပြီး သူတို့တွေနှင့် NCA လက်မှတ်မထိုးဘဲ၊ လက်နက်ကိုလည်း မစွန့်ဘဲ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ တက်ရောက်ခွင့်ရရှိရေးကို အကျပ်ကိုင်တောင်းဆိုလာတဲ့သဘောမျိုး ဖြစ်နေပါတယ်။ ယခုကဲ့သို့ KIA, MNDAA, TNLA နှင့် AA တို့ရဲ့တိုက်ခိုက်မှုကြောင့် အဓိကနစ်နာဆုံးရှုံးရသူမှာတော့ ပြည်သူလူထုပဲ ဖြစ်ပါတယ်။ ဒေသခံပြည်သူလူထုရဲ့ လူထုစီးပွားဘဝများထိခိုက်ပျက်စီးစေပြီး ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာထိခိုက်နာကျင်မှုများကိုပါ ခံစားရစေလျက်ရှိပါတယ်။ မူဆယ်မြို့ပေါ်ရှိ ယာယီကယ်ဆယ်ရေးစခန်းငါးခုမှာ တိုက်ပွဲရှောင်လူဦးရေ ၃၂၀၀ အထိ ဖြစ်ပေါ်ခဲ့ပါတယ်။ တစ်ဖက်နိုင်ငံမှာလည်း တိုက်ပွဲရှောင်ပြည်သူ ၂၀၀၀၀ အထိ ရှိနေကြောင်းကို ကြားသိနေရပါတယ်။ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ကို နေ့စဉ်ယာဉ်အစီးပေါင်း ၄၀၀၀ အထိ ကုန်စည်များ လွတ်လပ်စွာသယ်ဆောင်ရောင်းဝယ်ဖောက်ကားလျက်ရှိရာမှ ယခုအခါ ယာဉ်အစီးရေ

**မူကြမ်း**

၂၀၀ ခန့်သာ သွားလာနိုင်တော့တဲ့အတွက် ကုန်စည်စီးဆင်းမှုကို များစွာလျော့နည်းထိခိုက်ပျက်စီးစေပြီး အများပြည်သူရဲ့ အကျိုးစီးပွားများ ထိခိုက်နစ်နာစေလျက်ရှိတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ယင်းအဖွဲ့လေးဖွဲ့က တပ်မတော်စခန်းများကို ပစ်ခတ်တိုက်ခိုက်ခဲ့တဲ့ ကျည်များ၊ တစ်ဖက်နိုင်ငံအတွင်း ကျော်လွန်ကျရောက်အောင် ပစ်ခတ်ခြင်းအားဖြင့်လည်း နှစ်နိုင်ငံဆက်ဆံရေးထိခိုက်အောင် တမင်ကြံရွယ်လုပ်ဆောင်ခဲ့တာကိုလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နိုဝင်ဘာလ ၂၀ ရက်မှ ၃၀ ရက်အထိ အဆိုပါရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသမှာ မိမိစခန်းများ တိုက်ခိုက်ခံရမှု ၃၁ ကြိမ်၊ ချီတက်စဉ် တိုက်ခိုက်ခံရမှု အကြိမ် ၂၀၊ နယ်မြေရှင်းလင်းစဉ်တိုက်ပွဲဖြစ်ပွားမှု အကြိမ် ၅၀၊ မိုင်းဖြင့်တိုက်ခိုက်ခံရမှု ကိုးကြိမ်ဖြစ်ပွားခဲ့ပြီး တပ်မတော်သားအချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၉ နှင့် ၃၄၁ တို့အရ ပြည်ထောင်စုကြီးကို ပြည်တွင်းရန်များမှကာကွယ်ခြင်း၊ ပြည်ထောင်စုသားများ ဘေးအန္တရာယ်ကျရောက်၍ ကူညီဆောင်ရွက်ခြင်းတာဝန်တို့ထမ်းဆောင်ရာမှ ကျဆုံးထိခိုက်ဒဏ်ရာဖြစ်တဲ့အလျောက် အထူးအထွေ မတင်ပြလိုသော်လည်းပဲ ဒီကာလအတွင်းမှာပင် စစ်ရေးပစ်မှတ်မဟုတ်တဲ့ လမ်း၊ တံတား ပျက်စီးခံရမှု ခုနစ်ကြိမ်၊ လမ်းကြောင်းပိတ်ဆို့မှု ခုနစ်ကြိမ်၊ မြို့ရွာများနှောင့်ယှက်ပစ်ခတ်ခံရမှု ခုနစ်ကြိမ်၊ မြို့ရွာများမှာ မိုင်းထောင်ဖောက်ခွဲမှု ခုနစ်ကြိမ်၊ အရပ်သားနှင့်ဝန်ထမ်းများ ဖမ်းဆီးသတ်ဖြတ်ခံရမှု လေးကြိမ် ဖြစ်ပွားခဲ့ပြီး အပြစ်မဲ့အရပ်သူအရပ်သားများအနေနဲ့ အမျိုးသမီး သုံးဦး အပါအဝင် ၁၀ ဦး သေဆုံးကာ အမျိုးသမီး ၁၁ ဦးအပါအဝင် ၃၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ အရပ်သားပိုင်ယာဉ် ခြောက်စီး ဖျက်ဆီးခံရကာ စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၅၀၀၀ ကျော် ဆုံးရှုံးခဲ့ရပါတယ်။ ပြည်ထောင်စုလမ်းမကြီးမှာရှိတဲ့ တံတားခြောက်စင်း ဖျက်ဆီးခံရပြီး ခန့်မှန်းငွေ ကျပ်သိန်းပေါင်း ၇၉၀ ပျက်စီးဆုံးရှုံးခဲ့ရကာ လမ်းပန်းဆက်သွယ်ရေး နှောင့်နှေးမှုများဖြစ်ပေါ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ယခုကဲ့သို့ အပြစ်မဲ့အရပ်သားများအား အကြောင်းမဲ့သေကြေဒဏ်ရာရစေခြင်း၊ စစ်ဖက်ပစ်မှတ်မဟုတ်တဲ့ အခြေခံအဆောက်အအုံများ၊ ယာဉ်များဖျက်ဆီးခြင်း၊ ပြည်သူတို့ရဲ့စီးပွားဥစ္စာပျက်စီးစေခြင်းတို့ကြောင့် KIA, MNDAA, TNLA နဲ့ AA အဖွဲ့တို့ကို အကြမ်းဖက်အဖွဲ့များအဖြစ် လွှတ်တော်မှ သတ်မှတ်သင့်သည်ဟု ယူဆပါကြောင်း တင်ပြလိုပါတယ်။ ဒါ့အပြင် KIA, MNDAA, TNLA နဲ့ AA အဖွဲ့များဟာ အကြမ်းဖက်မှုကို ကျူးလွန်တာဖြစ်တဲ့အတွက် ယင်းအဖွဲ့များကို NGO များ၊ INGO များက လူသားချင်းစာနာထောက်ထားခြင်းခေါင်းစဉ်နဲ့ ထောက်ပံ့နေမှုများကိုလည်း ရပ်ဆိုင်းစေရန်

**မူကြမ်း**

လွှတ်တော်မှ တိုက်တွန်းသင့်သည်ဟု ယူဆပါကြောင်း တင်ပြလိုပါတယ်။ တပ်မတော်အနေနဲ့ကတော့ သမ္မတကြီးဦးထင်ကျော် ခေါင်းဆောင်တဲ့ နိုင်ငံတော်အကြီးအကဲများရဲ့ လမ်းညွှန်မှုနဲ့အညီ အစိုးရအဖွဲ့ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးတို့ မထိခိုက်စေရန်အလို့ငှာ တပ်အင်အားကို အနည်းဆုံးသာအသုံးပြုပြီး ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်လျက် ရှိနေပါတယ်။ ယခုလက်ရှိ မုံးကိုးမှာ KIA, MNDAA, TNLA နဲ့ AA တို့က ဒေသန္တရသာလွန်အင်အားကို အသုံးပြုပြီး စခန်းသိမ်းတိုက်ပွဲ အကြိမ်ကြိမ်ဆင်နွှဲနေခြင်းကိုလည်း စစ်ပွဲဆိုင်ရာဥပဒေသရဲ့အရေးအကြီးဆုံး အခြေခံဥပဒေသတစ်ခုဖြစ်တဲ့ အချိုးအစားညီမျှမှု အခြေခံသဘောတရားနှင့်အညီ အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းရာ စစ်ရေးရည်မှန်းချက်များကိုသာ တိုက်ခိုက်ခဲ့ပြီး ဆက်စပ်နေတဲ့ အရပ်ဘက်အဆောက်အအုံများ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ အပြစ်မဲ့ပြည်သူများခံစားနေရတဲ့အတွက် စိုးရိမ်ပြီး ဝိုင်းဝန်းဆွေးနွေးအကြံပြုထောက်ခံပေးကြပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို ကျေးဇူးတင်ရှိပါတယ်။ ထို့အတူ နိုင်ငံတော်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စစ်ရှောင်ပြည်သူများ အေးချမ်းသာယာရေးအတွက် ဝိုင်းဝန်းကာကွယ်နေမှုများနှင့် လက်ရှိလုံခြုံရေးအခြေအနေကို ရှင်းလင်းတင်ပြပေးပါသော ပြည်ထောင်စုဝန်ကြီးနှစ်ဦးအားလည်း ကျေးဇူးတင်ရှိကြောင်း ထပ်မံပြောကြားလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ အရှေ့မြောက်ဒေသတွင် ယနေ့အထိ အပြစ်မဲ့ပြည်သူ ၁၀ ဦး သေကြေပြီး ၃၉ ဦး ဒဏ်ရာရသည့်ကိစ္စမှာ ဒဏ်ရာရသည့်ကိစ္စအပါအဝင် ဆုံးရှုံးမှုများသည် မူလဖြစ်စဉ်ထက် တစ်နေ့တစ်နေ့ ပိုမိုများပြားလာခြင်းကြောင့် ယခုအဆိုကို တင်သွင်းရခြင်းဖြစ်ကြောင်း တင်သွင်းစဉ်က ကျွန်တော် ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။ ယနေ့အခြေအနေမှာ ပြည်သူများကလည်း ပိုမိုစိုးရိမ်လာကြကြောင်း လေ့လာတွေ့ရှိရပါတယ်။ ထို့အတူ ငြိမ်းချမ်းရေးရှိမှ ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာမည်ဟူသော နိုင်ငံတော်အစိုးရရဲ့

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက်ကိုလည်း ပိုမိုထိခိုက်လာမှာ စိုးရိမ်နေမိပါတယ်။ ကျွန်တော့်အနေဖြင့် တင်ပြလိုတာကတော့ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူ၏လိုအပ်ချက် လွှတ်တော်ကဖော်ဆောင်ရွက်ဟူသည့် ပြည်သူများ၏အသံ၊ ဆန္ဒနှင့် လိုအပ်ချက်ဖြစ်သည့် စိုးရိမ်ကြောင့်ကြမှုကို လွှတ်တော်က ဖြည့်ဆည်းဆောင်ရွက်ရန် လွန်စွာအရေးကြီးလှပါသည်။ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လျစ်လျူရှုရန် လုံးဝမသင့်တော်ပါ။ ယခုကိစ္စကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါလျှင် ငြိမ်းချမ်းရေးနှင့် အချုပ်အခြာတည်တံ့ခိုင်မြဲရေးကို အမြဲလိုလားသော ပြည်သူများက ကျွန်တော်တို့ကို သူတို့ကိုယ်စား မဲပေး၍ လွှတ်တော်အတွင်းကို လွှတ်ရကျိုးနပ်ပါလိမ့်မည်ဟု ယုံကြည်မိပါသည်။ သို့ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အဆိုကို ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုနဲ့စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ကာကွယ်ရေးဝန်ကြီးဌာနတို့က ရှင်းလင်းတင်ပြသွားပြီးဖြစ်ပါတယ်။ ဒီအဆိုဟာ လွှတ်တော်ကစိုးရိမ်ကြောင်း တင်သွင်းတဲ့အဆိုဖြစ်ပါတယ်။ ဒီနေရာမှာ ကိုယ်စားလှယ်များက အဆိုကို မှတ်တမ်းတင်သင့်ကြောင်း ဆွေးနွေးခဲ့ကြပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးပါရန် တင်ပြသွားပါတယ်။ ဒါကြောင့် ဒီအဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့အတည်ပြုပေးရန်တင်ပြချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံမဲများလျှင် အဆိုရှင်ရဲ့အတည်ပြုပေးပါရန် တင်ပြချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ကိုယ်စားလှယ်များရဲ့မှတ်တမ်းတင်ရန် တင်ပြချက်က အတည်ဖြစ်ပါမယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲပေါင်း ၁၄၁ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၂၄၄ မဲ၊ ကြားနေဆန္ဒမဲ ၇ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် ဒေါက်တာမောင်သင်း တင်သွင်းတဲ့ အရေးကြီးအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၃၇။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၂း၃၇ နာရီ အချိန်တွင်ရပ်နားပါသည်။]

**မူကြမ်း**